# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၈၃) ၊ ၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၈ ရက် ၊ ၂၀-၂-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

ချစ်ကြည်လေးစားအပ်ပါသော ချင်းတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား

ယနေ့ ၂၀၂၅ ခုနှစ်၊ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင်ကျရောက်သည့် (၇၇)နှစ်မြောက်"ချင်းအမျိုးသားနေ့" နေ့ထူးနေ့မြတ်အခါသမယတွင် ချင်းတိုင်းရင်းသားများမျိုးနွယ်စုအားလုံးနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

# ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့် ပြည်တွင်းစားသောက်ကုန် လုပ်ငန်းများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းပြခန်းများကို စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ ဖေဖော်ဝါရီ ၂၀ ရက်၊ ကြာသပတေးနေ့။

# မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိ

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် Fire Hotspot ဖြစ်ပေါ်မှု ၅၆၅၀၄ ကြိမ်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ၅၁၀၉၁ ကြိမ် ဖြစ်ပေါ်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၅၄၁၃ ကြိမ် လျော့နည်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် Fire Hotspot ဖြစ်ပေါ်မှုမှာ မြန်မာ တစ်နိုင်ငံလုံးအနေဖြင့် ၁၂၇၉ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၁၀၅၇ ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် နှိုင်းယှဉ်မည်ဆိုပါက ၂၂၂ ကြိမ် လျော့ကျခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ASMC website မှ ရရှိသည့် Fire Hotspot ဆိုင်ရာ အချက်အလက်များအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမသီတင်းပတ်တွင် ၁၂၃ ကြိမ်၊ ဒုတိယသီတင်းပတ်တွင် ၂၀၁ ကြိမ်၊ တတိယသီတင်းပတ်တွင် ၂၈၆ ကြိမ်နှင့် စတုတ္ထသီတင်းပတ်တွင် ၄၄၇ ကြိမ်အထိ တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက ဆက်လက်ပြောကြားရာတွင် ရှမ်းပြည်နယ်တွင် ၂၅၅ ကြိမ်ဖြင့် အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဒုတိယအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၄ ကြိမ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ပေးပို့ရာတွင် အချက်အလက်၊ ကိန်းဂဏန်း၊ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပေးပို့ကြရန် လိုအပ်ပါကြောင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ လယ်ယာထွက်အမှိုက်များအား စုပုံမီးရှို့မှုမရှိစေရေး၊ တောမီးရှို့မှုမရှိစေရေး၊ ပညာပေးဆွေးနွေးမှု စသည့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့ချနိုင်မည့် လုပ်ငန်းများအား ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် နေရာနှင့် ရေအရင်းအမြစ်ရှိပါက ဆိုလာရေတင်စနစ်ကို ဆောင်ရွက်သင့်ပါကြောင်းနှင့် ကုန်းမြင့်လယ်ယာဆောင်ရွက်လိုသည့် နေရာများရှိပါက နည်းပညာကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

နှစ်စဉ် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလများတွင် Hotspot အရေအတွက် ပိုမိုများပြားလာနိုင်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပညာပေးဆွေးနွေးမှုများနှင့် စစ်ဆေးရေးအဖွဲ့များအနေဖြင့် အသိပညာပေးဟောပြောခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းနှင့် လိုက်နာမှုရှိစေရေး ဆောင်ရွက်မှုများနှင့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



# မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေအရ စားသုံးသူအသိပညာပေးခြင်းများကို စားသုံးသူနယ်ပယ်အသီးသီးသာမက တက္ကသိုလ်၊ ကောလိပ်များရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း စားသုံးသူအသိပညာပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိရာ အောင်မြေသာစံမြို့နယ်ရှိ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် သီရိရတနာခန်းမတွင် ယနေ့ နံနက်ပိုင်းက စားသုံးသူအသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ဟောပြောဆွေးနွေးပွဲ၌ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးရဲလင်းထက်က အဖွင့်အမှာစကားပြောကြားပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြူသဲနွယ်က စားသုံးသူအခွင့်အရေးများအကြောင်း၊ တိုင်ကြားမှုဖြစ်စဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ဆက်သွယ်တိုင်ကြားရန် နည်းလမ်းများအကြောင်း ရှင်းလင်းဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာကြသူများ၏ သိလိုသည်များကို ပြန်လည်ဆွေးနွေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ၊ တက္ကသိုလ်ဝင်းအတွင်း ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် အခမ်းအနား၌ (၇၈)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိခဲ့ကြသည့် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအား ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

# ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ စာစစ်ဌာန ၈၉ ခု ဖွင့်လှစ်မည်



**မန္တလေး ဖေဖော်ဝါရီ ၁၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သက်ဆိုင်ရာ စာစစ်ဌာနများ၌ လာမည့်မတ်လတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးတွင် စာစစ်ဌာန(၈၉)ခု ဖွင့်လှစ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

ယမန်နှစ်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခုနှင့် မြို့နယ် ၂၈ ခုတွင် စာစစ်ဌာန ၇၄ ခု ဖွင့်လှစ်ခဲ့ပြီး ၁၉၄၄၂ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ယမန်နှစ်ထက် စာမေးပွဲဖြေဆိုသူ တစ်သောင်းကျော် တိုးလာခဲ့ကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ)ဒေါက်တာ ရွှေစင်အိက ပြောသည်။

“ဒီနှစ်မှာ ဖေဖော်ဝါရီ ၁၇ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူပေါင်း ၃၅၆၆၅ ဦး ရှိပါတယ်။ အရင်နှစ်တွေထက် အောင်ချက်ရာခိုင်နှုန်းတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်နေကြပါတယ်။ သက်ဆိုင်ရာ ကျောင်းများအလိုက် စာစစ်ဌာနတွေဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူတွေ အဆင်ပြေစွာ ဖြေဆိုနိုင်စေဖို့ သန့်ရှင်းရေးတွေ စတင်ဆောင်ရွက်ပါမယ်။ ရေ၊ မီးနဲ့ စာသင်ခုံတွေလည်း လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းဆောင်ရွက်မှာဖြစ်ပါတယ်။ အဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းပြီး တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့ စီစဉ်ဆောင်ရွက်သွားမှာပါ”ဟု ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီးအတွင်း အောင်ချက်မြင့်မားရေးအတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်၍ တက္ကသိုလ်များမှ ပါမောက္ခများနှင့် အခြေခံပညာကျောင်းများမှ အထက်တန်းပြဆရာ၊ ဆရာမများပူးပေါင်းကာ စာမေးပွဲမေးခွန်းများနှင့် ပတ်သက်၍ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ဖေဖော်ဝါရီလ ပထမပတ်တွင် စာမေးပွဲစစ်ဆေးခြင်းနှင့် သင်ကြားခဲ့သည့် သင်ခန်းစာများအား ပြန်လည်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ထားသည်။

၂၀၂၅ ခုနှစ် အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို မတ်လ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြမည်ဟု သိရသည်။

(မန္တလေးနေ့စဉ်-၉)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

၁၉၄၈ ခုနှစ် ဖလမ်းမြို့ လူထုအစည်းအဝေးပွဲမှ ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်ကို ဖျက်သိမ်းကာ ဒေသန္တရဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနိုင်ခဲ့သော ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကို **"ချင်းအမျိုးသားနေ့"**အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး ဂုဏ်ယူစွာဖြင့် နှစ်စဉ်အခမ်းအနားများ ကျင်းပခဲ့သည်မှာ ၇၇ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချင်းတိုင်းရင်းသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးသည် ရှေးနှစ်ပေါင်းများစွာက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ပြီး မိသားစုပမာ စိတ်တူကိုယ်တူ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြရသောကြောင့် ကမ္ဘာ့အလယ်တွင်သိက္ခာရှိစွာဖြင့် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရချိန်တွင်လည်း တိုင်းရင်းသားအားလုံး၏ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်ရယူနိုင်ခဲ့ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းဖြစ်စဉ်တစ်လျှောက်လုံးနှင့် လွတ်လပ်ရေးရပြီး နိုင်ငံတော်တည်ဆောက်ချိန်များတွင်လည်း ချင်းတိုင်းရင်းသားတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ လက်တွဲပါဝင်ခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီတို့၏ ကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရစဉ်က ချင်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ခိုင်ကမ်း၊ ဗိုလ်ကြွမ်ဘိခ်၊ ဗိုလ်လာလ်လွဲ၊ ဗိုလ်ထောင်လင်းတို့နှင့် ချင်းတိုင်းရင်းသားများသည် အခြားသောတိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲဝံ့စွန့်စားစွာဖြင့် ခုခံတော်လှန်ခဲ့ကြပါသည်။ လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်ကာလကလည်း ဦးထောင်ဇခုပ်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ဦးကီးယိုမန်း၊ ဝဏ္ဏကျော်ထင် ဦးလှုရ်မှုန်၊ သီရိပျံချီ ဦးထောင်ကျင်းထန်၊ လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) သတိုးမဟာစည်သူ ဦးဝမ္မသူးမောင်တို့သည် ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။

၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့စဉ် သုံးကြိမ်လုံး ပါဝင်ဆောင်ရွက်ခဲ့သည့် နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) သီရိပျံချီ ဦးထပ်လိုင်း၊ လွတ်လပ်ရေးရပြီးခါစ ပြည်တွင်းဆူပူသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်ခဲ့ကြသည့် ဒုတိယဗိုလ်မှူးကြီးဟရန့်ထီးယို၊ ဒုတိယဗိုလ်မှူးကြီး လျန်ကျင့်ဇမ်း၊ ဗိုလ်ကြီးသူရအောင်ဆန်းသူရိယတိုက်ချွန်း၊ ဗိုလ်မှူးကြီး ဇေယျကျော်ထင်ဇန်ကူး၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဗိုလ်ချုပ်ထောင်ဇာခိုင်တို့နှင့်အတူ ချင်းတိုင်းရင်းသားများသည် နိုင်ငံတော်အတွက် ကျရာတာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အသက်၊ သွေး၊ ချွေးများ ပေးဆပ်ခဲ့ကြသော နိုင်ငံတော်နှင့် တပ်မတော်အတွက် ထာဝရဂုဏ်ယူလေးစားနေရသည့် ချင်းတိုင်းရင်းသား မျိုးချစ်သူရဲကောင်းများစွာ သမိုင်းထင်ကျန်ရစ်ခဲ့ကြသည်မှာ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားများအတွက် ဂုဏ်ယူလေးစားဖွယ် ဂုဏ်ဒြပ်များပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် ချင်းပြည်နယ်၏ နေရာဒေသအချို့အပါအဝင် နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကိုဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာရှိနေခြင်းမှာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားလှပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ထောင်ပေါင်းများစွာဖြစ်တည်လာခဲ့သည့် သံယောဇဉ်တရားနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ဖြိုခွဲဖျက်ဆီးလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပအဖျက်အင်အားစုတို့၏ အချင်းချင်းမုန်းတီးစေရန်အတွက် သွေးခွဲရန်တိုက်ပေးမှုများ၊ ကျဉ်းမြောင်းသော လူမျိုးရေးအယူဝါဒသွတ်သွင်းနေမှုများကို အထူးသတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယခုကြုံတွေ့နေရသော အကြမ်းဖက်လုပ်ရပ်များမှာ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်ပယ်ဖျက်ခံရသည့်အပေါ် အမှန်ကိုအမှန်အတိုင်း သုံးသပ်ရှုမြင်မှုမရှိဘဲ အာဏာကို အမြဲနည်းဖြင့် လိုချင်တပ်မက်သည့်ဆန္ဒကြောင့် သွေးထိုးလှုံ့ဆော်မှုများမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့အပေါ် သဘောထားမမှန်ကန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကလည်း ဖြစ်ပေါ်လာသော မတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး တည်ငြိမ်အေးချမ်းနေသောဒေသများကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ကြပါသည်။ ထိုဖြစ်စဉ်များကြောင့် ချင်းပြည်နယ်အပါအဝင် ဒေသအသီးသီး၌ အပြစ်မဲ့ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ပစ္စည်းဥစ္စာများသာမက ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးကာ ဆင်းရဲဒုက္ခကြုံတွေ့နေရသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင် ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်ပါသည်။ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေးဟူသော အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်း၍ တည်ငြိမ်အေးချမ်းသောပတ်ဝန်းကျင်ကောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး ဆောင်ရွက်ရာတွင် စီးပွားရေးဆိုင်ရာများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးကောင်းမွန်လာပါက နိုင်ငံရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးပါ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ပြီး ဒေသနှင့်ကိုက်ညီသည့် စနစ်ကျနသော မွေးမြူရေးလုပ်ငန်းများကိုလည်း ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ပစ္စည်းများမှသည် အရည်အသွေးပြည့်မီသော MSME ထုတ်ကုန်များအဖြစ် ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရန်နှင့် ဒေသတွင်းစားသုံးမှုဖူလုံရေး၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးအထိပါ ကြိုးစားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။ လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ကုန်ထုတ်သွင်းအားစုတို့ကိုလည်း နိုင်ငံတော်မှ ပံ့ပိုးပေးလျက်ရှိသကဲ့သို့ ဆက်လက်၍လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့ရည်မှန်း တည်ဆောက်နေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်သူတစ်ဦးချင်းစီ၏ လူမှုဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံကြရန် လိုအပ်ပါသောကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအပါအဝင် ကဏ္ဍအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ခွင့်ရပြီး ပညာသင်ကြားနိုင်ရေး၊ တန်းစဉ်ကူးပြောင်းမှုနှုန်း တိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာအပြင် အဆင့်မြင့်ပညာများအထိ ဆုံးခန်းတိုင်သင်ယူပြီးမြောက်စေပြီး ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရန် ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ သို့မှသာ ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့် နိုင်ငံ့အနာဂတ်ကို တိုးတက်အောင်မြင်အောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဓိကရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ရန် စီမံဆောင်ရွက်လျက် ရှိပါသည်။ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှသာ လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး NCA ပါ သဘောတူညီချက်များအတိုင်း ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးဆက်လက်၍လည်း လွတ်လပ်စွာဆွေးနွေးပြောဆိုကြရန် ကမ်းလှမ်းထားကာ ထာဝရငြိမ်းချမ်းရေးအတွက် အစဉ်အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မဲဆန္ဒရှင်ပြည်သူများအားလုံး ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှု၊ မတရားတိုက်တွန်းမှု၊ အုပ်စုဖြင့်အနိုင်ကျင့်လွှမ်းမိုးမှုစသည့် မတရားမှုများမှ ကင်းဝေးစေပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ တိကျမှန်ကန်သည့် ရွေးကောက်ပွဲဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကျင်းပရန်အတွက် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ပါသည်။ သို့ဖြစ်၍ ချင်းတိုင်းရင်းသားများကလည်း ဒေသချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များကို အရင်းခံကာ စည်းလုံးညီညွတ်စွာဖြင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပန်ကြားလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် အရေးပါသည့်အလျောက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ ချင်းတိုင်းရင်းသားများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်၍ ချင်းပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးကို ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း (၇၇)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

○ လက်နက်ကိုင်အကြမ်းဖက်မှုများ၏ဆိုးကျိုးကို လက်တွေ့ခံစားနေရသည်မှာ ဒေသခံတိုင်းရင်းသားပြည်သူများပင်ဖြစ်ပါသည်။ ထိခိုက်ဆုံးရှုံးမှုမှန်သမျှမှာလည်း နိုင်ငံတော်၏အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများပင်ဖြစ်

○ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ရရှိနေသည့်အခြေအနေမှာ ယခုကဲ့သို့ မဆင်မခြင်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးရခြင်းမှာ နိုင်ငံ၏အင်အားကို လျော့ပါးစေပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် အကုန်အကျများစွာနှင့် အချိန်ယူတည်ဆောက်ကြရမည်

○ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ဝန်ထမ်းများနှင့် ပြည်သူများကို နိုင်ငံတော်မှထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

○ နိုင်ငံနှင့်ပြည်သူအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ ပပျောက်စေပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် ချင်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူများမှ အားလုံးပူးပေါင်းပါဝင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◎ ပြည်တွင်းမှ
အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP)ဖြင့် တိုင်းတာကြကြောင်း၊ အဆိုပါ GDP ကို တွက်ချက်သည့်အခါတွင်လည်း နိုင်ငံ၏လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ကဏ္ဍကြီး(၃)ခုကို အခြေခံပြီး တွက်ချက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ စိုက်ပျိုးရေးအခြေခံသည့် စက်မှုနိုင်ငံအဖြစ် ထူထောင်ရာတွင် စိုက်ပျိုးမွေးမြူရေး အခြေခံကုန်ကြမ်းများသည် အဓိကဖြစ်ပြီး လျှပ်စစ်နှင့်စွမ်းအင်သည်လည်း အရေးကြီးသည့် သွင်းအားစုများ ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် စီးပွားရေးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့ဖြစ်စေမည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၊ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်နှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မရှင်စသည့် ကော်မရှင်(၃)ရပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းလည်း ဖြစ်ကြောင်း။

### နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ

လူသားတိုင်း အသက်ရှင်ရပ်တည်မှုအတွက် စားရေး၊ ဝတ်ရေး၊ နေရေးတို့သည် အဓိကအရေးကြီးသည့် အရာများဖြစ်ကြောင်း၊ ယင်း(၃)ခုအတွင်းတွင် စားသောက်ရေးသည် အခြေခံကျပြီး နေ့စဉ်ကြုံတွေ့နေရမည့် မရှိမဖြစ်သည့်အရာ ဖြစ်ကြောင်း၊ အဆိုပါ စားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည် ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်း စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် စီးပွားရေး ဝန်းကျင်တစ်ရပ်ဖြစ်ထွန်းလာစေရေး၊ စားသောက်ကုန်ထုတ်လုပ်ငန်း ကွင်းဆက်တစ်လျှောက် အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေပြီး သွင်းကုန်အစားထိုး ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေး၊ စားသောက်ကုန်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစီအမံသစ်များ ဖော်ဆောင်ပေးနိုင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ပတ်သက်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ညွှန်ကြားချက်များတွင် ရှင်းလင်းလွယ်ကူစေရေးနှင့် နည်းစနစ်များ၊ စံချိန်စံညွှန်းများနှင့် သတင်းအချက်အလက်များကိုကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ရေးဆိုသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားသောက်ကုန်လုပ်ငန်းအတွက် အဓိကကျပြီး သေချာသည့်ကုန်ကြမ်းသည် နိုင်ငံတွင်းတွင် အလုံအလောက်ထွက်ရှိကြောင်း၊ မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများထဲတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းအရေအတွက်သည် စုစုပေါင်း ၂၃၈၈၇ ခုဖြစ်ပြီး (၄၉ ဒသမ ၆၃) ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

စက်မှုဇုန်များတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတွင် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းမှာ လုပ်ငန်းပေါင်း ၂၀၀၄ ခုဖြင့် အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ပြည်တွင်းတွင်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလုပ်ငန်းများဖြစ်သည့် MSME မှတ်ပုံတင်စာရင်းတွင် ကြည့်မည်ဆိုပါကလည်း MSME စုစုပေါင်း ၄၉၀၂၅ ခုရှိသည့်အနက် စားသောက်ကုန်လုပ်ငန်းသည် ၉၉၈၄ ခုဖြင့် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊

စာမျက်နှာ ၅ သို့ ◎




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

○ စားရေးကို အဆင်ပြေစေရန်အတွက် လိုအပ်သည့် စားသောက်ကုန်များသည် ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းကောင်းဖြင့် ဖြန့်ဖြူးပေးနိုင်မှသာ ပြည်သူများအတွက် အစားအစာဖူလုံမည် ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်လည်း အဆင့်မီမီ တင်ပို့ရောင်းချနိုင်မည်

○ မိမိအနေဖြင့် ပြည်တွင်းစားသောက်ကုန် ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ် ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်အထိမ်းအမှတ် ပြည်တွင်းမှထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်း ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

◎ စာမျက်နှာ ၄ မှ

ယခုကဲ့သို့ပုဂ္ဂလိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် အရေအတွက်များပြားပြီး အရေးပါသည့် စားသောက်ကုန်လုပ်ငန်းများကို သာမန်သဘောမထားဘဲ အလေးထားကြရန်လိုကြောင်း။

### တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ

MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိက ပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထားကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်ကြောင်း၊ ထိုမှ ပြည်ပသွင်းကုန် အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် သွားရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးက MSME လုပ်ငန်းများ ပြပွဲ ပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာ တိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးနေသည့်ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ယနေ့ကျင်းပပြုလုပ်ရခြင်းလည်းဖြစ်ကြောင်း၊ ယခုဖိုရမ်မှ ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများနှင့် ပတ်သက်ပြီး အားနည်းချက်များ၊ အားသာချက်များ၊ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မြင်တွေ့ကြားသိဖလှယ်နိုင်ကြမည် ဟုလည်း ယုံကြည်ကြောင်း။

လုပ်ငန်းဆောင်တာများကို လုပ်သာကိုင်သာရှိပြီး မြန်ဆန်မှန်ကန်အောင် ဝိုင်းဝန်းကြိုးပမ်းပေးမှသာ အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှုပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ယခုထက် မြှင့်တင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား နီးနီးစပ်စပ်ပူးပေါင်းပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ကုန်စည်စီးဆင်းမှု တိုးတက်လာစေမည်ဖြစ်ကြောင်း၊ မြေပြင်တွင် လက်တွေ့လုပ်ကိုင်နေသူများ၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာပြီး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြစေချင်ကြောင်း၊ အဓိကခံယူထားရမည်မှာ အားလုံးသည် နိုင်ငံ့အကျိုးအတွက် လုပ်ဆောင်နေကြသည်ဆိုသည့်အသိဖြင့် လုပ်ငန်းများ သွက်လက်မြန်ဆန်အောင် အကောင်အထည်ဖော်ပေးကြရန် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်ရန် ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များကို အားပေးကူညီ မြှင့်တင်ပေးပြီး နိုင်ငံတော်၏ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် လုပ်ငန်းရှင်များဘက်မှလည်း ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ကုန်ထုတ်လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့စားသောက်ကုန်ဖွံ့ဖြိုးတိုးတက်မှု Video Clip အား ပြသသည်။ ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးအောင်ရွှေတို့က မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅) ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### အကြံပြုဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် အထိမ်းအမှတ် ပြည်တွင်းမှ ထုတ်လုပ်ထားသည့် စားသောက်ကုန်ပစ္စည်းများ ပြခန်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များကို အကြံပြုဆွေးနွေး ပြောကြားခဲ့သည်။

အဆိုပါ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(၂၀၂၅)ကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖိုရမ်ကျင်းပချိန်အတွင်း မြန်မာ့စားသောက်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကဏ္ဍအလိုက်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်း ရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး၊ တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုပြုလုပ်ရာ၌ အဓိကမရှိမဖြစ်လိုအပ်သည်မှာ ကုန်ကြမ်းပင်ဖြစ်၊ ပြည်တွင်းထွက်၊ ဒေသထွက်ကုန်ကြမ်းများကို အဓိကထုတ်လုပ်ရန် မူဝါဒပေးထား
- ❖ ဒေသအလိုက်ထွက်ရှိသည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး ကုန်ထုတ်လုပ်မှုများသည် သေချာသည့်ကုန်ကြမ်းများဖြစ်၊ ထိုမှ ပြည်ပသွင်းကုန်အစားထိုးနိုင်ရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့်သွားရမည်
- ❖ ပြီးခဲ့သည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးက MSME လုပ်ငန်းများပြပွဲ ပြုလုပ်သည့်အခါ တိုးတက်ကောင်းမွန်မှုများကို များစွာအားရဖွယ်တွေ့ရ၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပိုမိုကောင်းမွန်လာမှု၊ ထုပ်ပိုးမှုများ ပိုမိုကောင်းမွန်လာမှုများသည် ရောင်းအား၊ ဝယ်အားများစွာ တိုးတက်စေသည်မှာ လက်တွေ့ပင်ဖြစ်



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅) ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။




အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာ နုဂ္ဂဟဘွဲ့တံဆိပ် (၆)မျိုးရရှိသည့် ဘွဲ့တံဆိပ်ဆက်ကပ်အပ်နှင်း ချီးမြှင့်ခြင်းအခမ်းအနားကို မတ်လ ၁၃ ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်များ၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပ သွားမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ရဟန်း(၃၂)ပါး၊ သီလရှင် (၃)ပါးနှင့် လူပုဂ္ဂိုလ်(၁၀)ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အောင်မြေသာစံမြို့နယ်၊ မဟာအတုလဝေယံ (အတုမရှိ)ကျောင်းတော်ကြီးတွင် ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ် နှင်းချီးမြှင့်ခြင်း အခမ်းအနားအား နိုင်ငံတော်အဆင့်ဖြင့် ကျင်းပ သွားမည်ဖြစ်ပါကြောင်း၊ ဆွမ်းဆန်စိမ်းများလည်း လောင်းလှူဒါန်း သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီးများနှင့် သံဃာတော်များ စိတ်ချမ်းမြေ့စွာ သီတင်းသုံးနေထိုင်ရေးနှင့် အခမ်းအနားအား လစ်ဟင်း မှုမရှိစေရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် လုပ်ငန်းကော်မတီများအလိုက် မိမိတို့တာဝန်ယူ ဆောင်ရွက်မည့် ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြ ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် အစိုးရ အဖွဲ့ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(မန္တလေးနေ့စဉ်)**

## ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနား ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁၃)အထက ကျောင်း၌ ကျင်းပခဲ့ရာ အခမ်း အနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ ဝင်(၁) ဗိုလ်မှူး ဆွေလွင်အောင်၊ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲမှူး စည်သူကျော်နှင့် ဒုမြို့နယ်ပညာရေးမှူး ဦးလွမ်းဇေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယာယီနေရပ်စွန့်ခွာနေရသူများ စုစုပေါင်းအင်အား ၂၀၀ ဦးခန့် တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက မဟာအောင်မြေ မြို့နယ်၊ ရပ်ကွက်များအတွင်းရှိ ယာယီနေရပ်စွန့်ခွာနေရသူ တစ်ဦး လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၂၅၂၁ ဦးအား စုစုပေါင်းငွေကျပ် ၅၀၀၄၂၀၀၀ ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၅၆)**

## ရုပ်ပုံပြ ပုံပြောခြင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါရုံး ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ရုပ်ပုံပြ ပုံပြောခြင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရုပ်ပုံပြပုံပြင်စာအုပ်ဖြင့် ပုံပြင်ပြောပြကာ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်း များကို ရှင်းလင်းပြောကြားပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင် ခဲ့ပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပန်းခွာ ကျေးရွာအုပ်စု၊ ပန်းခွာကျေးရွာ၌ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ရာ အိမ်ထောင်စု(၃)စု၊ လူဦးရေ ၁၁ ဦး၏ လူနေအိမ်များ မီးဘေးသင့်ခဲ့ရာ ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်း အဝေးခန်းမ၌ မီးဘေးသင့်ပြည်သူ များအား ခရိုင်သဘာဝဘေးစီမံ ခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေး အပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ရာတွင် ခရိုင်သဘာဝဘေးစီမံခန့်ခွဲရေး ဦးစီးဌာနမှ လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်စန်းစန်းဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတို့က မီးဘေးသင့် အိမ်ထောင်စု (၃)စု အတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေ ကျပ် ၃၀၀,၀၀၀ ၊ လူဦးရေ စုစုပေါင်း ၁၁ ဦးအတွက် ခုနစ် ရက်စာ ဆန်ရိက္ခာဖိုး ငွေကျပ် ၂၃၁၀၀ နှင့် ငွေကျပ် ၄၁၈၆၂၄ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးနှင့် ထောက်ပံ့မှုတန်ဖိုး ငွေကျပ် ၇၄၁၇၂၄ အား မီးဘေး သင့်ပြည်သူများ၏ လက်ဝယ် အရောက် ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**စုစုအေး(ကျောက်ဆည်)**

## တပို့တွဲလ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**သရက် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ တပို့တွဲလ မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲ ကျင်းပခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက သတ္တဌာန ဘုရားကြီးရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါထမနဲထိုးပြိုင်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ က အဖွင့်အမှာစကားပြောကြား ရာ ယခင်နှစ်တွေကလည်း ထမနဲ ထိုးပြိုင်ပွဲကို ကျင်းပခဲ့ပါတယ်၊ ယခုနှစ်ဆိုရင် ၃ ကြိမ်မြောက် ဖြစ်ပြီး ပြိုင်ပွဲအသင်းများအဖြစ် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများမှ ပါဝင်ယှဉ်ပြိုင်ကြပြီး အကဲဖြတ် အမှတ်ပေးချက် (၆)ချက်ဖြင့် အကဲဖြတ်ဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြောကြားပြီး အကဲ ဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင် ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးလှမြင့်က အမှတ်ပေး စည်း မျဉ်းများနှင့်ပတ်သက်၍ ပြော ကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကြက်ခြေနီများ၊ သတ္တဌာနဘုရားဂေါပကအဖွဲ့၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများနှင့် စာရေးဝန်ထမ်း များမှ ထမနဲထိုးယှဉ်ပြိုင်ခဲ့ကြရာ ပထမဆုရရှိသည့် ခရိုင်/မြို့နယ် တရားရုံး၊ ခရိုင်/မြို့နယ် ဥပဒေ၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာန နှင့် ဒုတိယဆုရရှိသည့် ခရိုင် မြို့နယ်ပညာရေး၊ တတိယဆု ရရှိသည့် ခရိုင်မြို့နယ်ကျန်းမာ ရေး၊ ခရိုင်၊ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနအသင်းနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားအား ချမ်းမြသာစည်မြို့နယ်၊ ဆင်ဖြူကန်ကွင်းတွင် စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ရာ၌ လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေကြသော တောင်သူဦးကြီးများအား ဂုဏ်ပြုသည့် တောင်သူလယ်သမားနေ့ အခမ်းအနားဖြစ်ပြီး အနှစ်သာရရှိစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က မူဝါဒများချမှတ်၍ အလေးထား ဆောင်ရွက်နေသည့် စားရေရိက္ခာဖူလုံရေးတွင် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း အထောက်အကူပြုအသိပညာပေးပြခန်းများ၊ အထိမ်းအမှတ်ပြခန်းများအပြင် လယ်ယာသုံး စက်ကိရိယာများနှင့်စက်ပစ္စည်းများသာမက မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် သွင်းအားစုများ ဝယ်ယူနိုင်သည့် ပြခန်း၊ ဆိုင်ခန်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ပါကြောင်း၊ အားနည်းချက်များနှင့် လစ်ဟာမှုများမရှိစေရန် အချင်းချင်းချိတ်ဆက်၍ စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် လုပ်ငန်းကော်မတီများအလိုက် မိမိတို့တာဝန်ယူဆောင်ရွက်မည့်ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(မန္တလေးနေ့စဉ်)






## ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းခတ် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သည့် မိုင်းခတ်မြို့နယ်၊ ယန်းမိုင်(လားဟူ)ကျေးရွာ၌ ကျေးရွာစာကြည့်တိုက် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျိုင်းတုံမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိမြတ်နှင့် အဖွဲ့သည် မိုင်းခတ်မြို့နယ်၊ ယန်းမိုင်(လားဟူ)ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၉ သန်းဖြင့် ကျေးရွာစာကြည့်တိုက် ခြံစည်းရိုးကာရံခြင်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် ဝက်မွေးမြူရေးလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နောင်ထွေးက လုပ်ငန်းအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်း

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကန်တောင်ကျေးရွာအုပ်စု၊ ကန်သာအေးကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ထပ်တိုး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကန်သာအေးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၃ ဒသမ ၂၁ သန်းတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ဆောင်ရွက်လျက်ရှိရာ ၄င်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကန်သာအေးကျေးရွာ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ၄င်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ကန်သာအေးကျေးရွာရှိ အိမ်ခြေ ၁၂၃ အိမ်၊ လူဦးရေ ၆၁၈ ဦးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(၄၆၉)**



## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆန်းဝင်းထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။



## စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အထူးအလေးထားဆောင်ရွက်

**အောင်လံ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ခြင်အန္တရာယ်နှင့် အခြားရောဂါများ ကင်းဝေးစေရေးအတွက် အခြေခံပညာကျောင်းများ၊ အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများတွင်အပတ်စဉ် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျာမြတ်သူနှင့် ဝန်ထမ်းများက အောင်လံမြို့၊ သမိုင်းဝင် ကုသိနာရုံဘုရားကြီး၌ ဌာနဆိုင်ရာ အသီးသီးရှိ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများက ဘုရားကြီးအပြင်ဘက် လူသွားလမ်းရှိ သစ်ရွက်ခြောက်များ၊သစ်ပင်၊ ချုံနွယ်များ၊ ပူပြင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရေပေးဝေနိုင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နှမ်းသီးနှံအထွက်နှုန်း တိုးတက်ရေးနှင့် ပတ်သက်၍ စံပြစိုက်ခင်းပြုလုပ်မည့်နေရာများ ရွေးချယ်ပြီး စိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးသည် စက်ကိရိယာသုံးစွဲနိုင်မှုနှင့် ဆက်စပ်နေသောကြောင့် မိတ္ထီလာခရိုင်အတွင်း လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းများဖွင့်လှစ်ခြင်း၊ တောင်သူပညာပေး သရုပ်ပြပွဲများပြုလုပ်ခြင်းနှင့် ပုဂ္ဂလိကစက်မှုလယ်ယာ ဝန်ဆောင်မှုအသင်းများ အားကောင်းလာစေရေးအတွက် ဌာနနှင့်ပုဂ္ဂလိက ဝန်ဆောင်မှုအသင်းများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မိတ္ထီလာခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိတ္ထီလာလွင်ပြင်စိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး၊ တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လေးလက်မစက်ရေတွင်း တူးဖော်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပြီးစီးပါက နွေနှမ်းစံပြစိုက်ကွက်များ အထွက်နှုန်းပိုမိုကောင်းမွန်စေရန်နှင့် တောင်သူအစုအဖွဲ့တွင် ညီညွတ်မျှတစွာ ရေရယူသုံးစွဲနိုင်ရေးအတွက် ရေခွဲဝေသုံးစွဲမည့်စနစ်ကို သေချာစီမံဆောင်ရွက်ပေးသွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့သနပ်ခါးနှင့် ၎င်း၏ မျိုးရင်း၊ မျိုးစိတ်



မြန်မာလူမျိုးတို့၏ နေ့စဉ်ဘဝ ယဉ်ကျေးမှုထဲတွင် သနပ်ခါးယဉ်ကျေးမှုသည် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အလွန်ပင် အရေးပါသော အရာဖြစ်သည်။

မြန်မာအမျိုးသမီးများသည် သနပ်ခါးကို မျက်နှာအလှပြင်ဆင်ရန်နှင့် နေဒဏ်ကာကွယ်မှုအတွက် အသုံးပြုကြသည်။ သနပ်ခါးသည် ဝက်ခြံ၊ အဆီဖုနှင့် အရေပြားယားယံမှုများကို သက်သာစေသည်။ ဗုဒ္ဓဘာသာတွင် သနပ်ခါးသည် သန့်ရှင်းမှုကို ကိုယ်စားပြုသော သဘာဝပစ္စည်းတစ်ခု ဖြစ်သည်။ သနပ်ခါးအသုံးပြု၍ သရဏဂုံ တင်ခြင်းများလည်း ရှိသည်။ ဗေဒင်ယတြာ အစီအရင်များ၊ မင်္ဂလာနေ့ပွဲအခမ်းအနားများတွင် ရိုးရာသနပ်ခါးကို အထွတ်အမြတ်တစ်ခုအဖြစ် ထည့်သွင်းကြလေသည်။

**သနပ်ခါး၏ မျိုးရင်း – Rutaceae (သံပရာမျိုးရင်း)**

သနပ်ခါးသည် Rutaceae (သံပရာမျိုးရင်း) ထဲတွင် ပါဝင်သည်။ Rutaceae မျိုးရင်းသည် မွှေးကြိုင်သော သစ်ပင်များ၊ သစ်ရွက် ပန်းမန်များ ရှိသည့် မျိုးရင်းများ ဖြစ်သည်။

Rutaceae မျိုးရင်းတွင် ပါဝင်သည်တို့မှာ သံပရာ (Citrus spp.) - လီမွန်၊ ကံ့ကော်၊ သနပ်ခါး(Limonia Acidissima) တို့ဖြစ်သည်။ Rutaceae မျိုးရင်းထဲမှ သနပ်ခါးသည် လှပမှုနှင့် ဆေးဖက်ဝင်မှုအတွက် အထူး အသုံးများသည်။ Rutaceae များ၏ အဓိကလက္ခဏာများ

- သက်တမ်းမြင့် သစ်ပင်၊ ပင်တိုင်များများသောအားဖြင့် ရိုက်ဖြာရွက် (Compound Leaves) ရှိကြသည်။ အမြစ်များသည် ခိုင်ခံ့ပြီး ဥမင်ထွက်နိုင်စွမ်းရှိသည်။

- အနံ့မွှေးမွှေးရှိသော အစိတ်အပိုင်းများ

အသီး၊ အရွက်၊ အခေါက်နှင့် အမြစ်များတွင် အနံ့မွှေးမွှေးရှိသည်။ ဥပမာ - လိမ္မော်၊ သံပရာ၊ နင်းဆီသံပရာ စသည့် မျိုးစိတ်များ။

- ပန်းများ

သံပရာပန်းကဲ့သို့ အနံ့မွှေးသော ငယ်သေးသည့် အဖြူရောင်၊ အဝါရောင်ပန်းများ ပွင့်တတ်သည်။ ပျား၊ လိပ်ပြာများက များစွာ ဝတ်မှုန်ကူးလေ့ရှိကြသည်။

- အသီးများ

အရသာရှိသော လိမ္မော်၊ သံပရာ၊ ညောင်ဖီး၊ ဆီးဖော်၊ နင်းဆီသံပရာ စသည့် အသီးများ ပါဝင်သည်။ ဤအသီးများသည် Vitamin C များ ပါဝင်ပြီး ကျန်းမာရေးအတွက် အကျိုးပြုသည်။

သနပ်ခါးမျိုးရင်းဖြစ်သော Rutaceae များ၏ အသုံးဝင်မှုမှာလည်း များပြားသည်။ အစားအစာအဖြစ် စား၍ရသည်သာမကဘဲ အချို့သော မျိုးစိတ်များတွင် ဆေးဝါးအဖြစ် အသုံးပြုကြသည်။ ကိုယ်ခန္ဓာအဖုများကျခြင်းတို့ကိုပါ ဖြစ်စေတတ်သောကြောင့်ပင် ထိုမျိုးရင်းဖြစ်သော သနပ်ခါးကို မြန်မာ့ယဉ်ကျေးမှုတွင် ကလေးငယ်များအား ခွံ့တတ်သည့် ဓလေ့ရှိတတ်ကြသည်။

ပန်းခြံအလှဆင်ဖန်တီးမှုအတွက်လည်း သံပရာပင်များကို စိုက်ပျိုးကြသည်။ Rutaceae မျိုးရင်းတွင် ၁၆၀ ကျော်သော မျိုးစုများ (Genera) နှင့် ၁၆၀၀ ကျော်သော မျိုးစိတ်များ (Species)ပါဝင်သည်။

အထင်ရှားဆုံး မျိုးစုများမှာ -

- Citrus(လိမ္မော်မျိုး) - လိမ္မော်၊ သံပရာ၊ ဆီးသီး
- Zanthoxylum (မဆလာသီး) - တောင်းရွက်သီး (Sichuan pepper)
- Ruta (Rue plant) - ဆေးဖက်ဝင်ပင်

တို့ ဖြစ်ကြသည်။ မြန်မာ့သနပ်ခါးမျိုးရင်းများဖြစ်သော Rutaceae များ မြန်မာနိုင်ငံတွင် ရွှေတောင်၊ ပူတာအိုနှင့် သဘာဝတောများတွင် လက်ကျန်သစ်ပင်များ အများကြီးတွေ့ရသည်။

**သနပ်ခါး၏ မျိုးစိတ်ဖြစ်သော Limonia Acidissima**

Limonia Acidissima သည် မြန်မာ့သနပ်ခါး၏ မျိုးစိတ်ဖြစ်သည်။ Rutaceae မှ ဆင်းသက်ခွဲထွက်လာခြင်းမျိုး ဖြစ်သည်။

သနပ်ခါးပင်၏ သတ်မှတ်ချက်များတွင် ပင်အမြင့် - ၈-၁၀ မီတာ၊ အရွက် - မှိုင်းမှိုင်းစေးစေး၊ အစိမ်းနု၊ ပန်း - အဖြူ ၊ အဝါနု၊ မွှေးမွှေးကြိုင်ကြိုင်၊ အသီး - သံပရာကဲ့သို့ ခိုင်သော အခွံ၊ ချဉ်ပြီး ချိုသင်းသော အရသာမျိုးရှိသည့်အရာဟူ၍ သတ်မှတ်ကြသည်။

**သနပ်ခါး၏ လက်ရှိသိပ္ပံအမည်များ**

သနပ်ခါး၏ သိပ္ပံအမည်မှာ - Naringi Crenulata (Roxb.) ဖြစ်ပြီး ထိုမှ Limonia Acidissima နှင့် Hesperethusa Crenulata (Roxb.) Roem. ဟူ၍ ထပ်မံခွဲပြန်သေးသည်။

ထိုသို့ မတူညီသည့် သိပ္ပံအမည်များဖြင့် မှတ်သားထားသော်လည်း အဓိကအားဖြင့် Limonia Acidissima ကို မြန်မာ့သနပ်ခါးအဖြစ် အသိအမှတ်ပြုသည်။



သနပ်ခါးနှင့် ၎င်း၏ မျိုးစိတ်များသည် လှပမှု၊ ကျန်းမာရေးနှင့် ဆေးဖက်ဝင်အသုံးများတွင် အထူးတန်ဖိုးရှိသည်။ သနပ်ခါးမျိုးစိတ်သည် မျက်နှာအလှပြင် (Skin Care) နေဒဏ်ကာကွယ်မှု၊ ဝက်ခြံနှင့် အဆီဖုများကို သက်သာစေမှု စသော အလှအပရေးရာများသာမကဘဲ ကျန်းမာရေးနှင့် ဆေးဖက်ဝင်အသုံးများတွင် ခြောက်သွေ့မှုကို ကာကွယ်ခြင်း၊ ယားယံမှုကို သက်သာစေခြင်း၊ အဖုအကျစေခြင်း စသော ဂုဏ်သတ္တိတို့လည်း ရှိသည်။

သနပ်ခါးသည် မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု၊ အလှအပရေးရာ ကျန်းမာရေးတို့နှင့် ဆက်စပ်မှုရှိသော သဘာဝပစ္စည်းတစ်ခု ဖြစ်သည်။

သနပ်ခါးသည် Rutaceae မျိုးရင်း၊ Limonia မျိုးစု၊ Limonia Acidissima မျိုးစိတ်ဖြစ်ပြီး Naringi Crenulata (Roxb.) နှင့် Hesperethusa Crenulata (Roxb.) တို့သည်လည်း သနပ်ခါးနှင့် နီးစပ်မှုရှိသည်။

ယနေ့အခါ သနပ်ခါးသည် အလှကုန်ပစ္စည်းများထဲတွင် ပါဝင်လာခြင်းသာမက သဘာဝဆေးဖက်ဝင်ပစ္စည်းအဖြစ် တန်ဖိုးရှိလာခြင်းတို့ကြောင့်ပင် အနာဂတ်တွင် မြန်မာ့မူပိုင် ယဉ်ကျေးမှုပြယုဂ်အဖြစ် ဆက်လက်အရေးပါနေမည် ဖြစ်သည်။

**ကိုးကား –**

**သနပ်ခါးအကြောင်း သိကောင်းစရာနှင့် စိုက်ပျိုးနည်းစနစ်စာအုပ်၊ စိုက်ပျိုးရေးဦးစီးဌာန။**

**Application of Myanmar traditional THANAKHA as cosmetic; Asian Institute of Technology.**

မင်းခကောင်းကင်

## ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေ ၂၀၂၄ ခုနှစ်တွင် ၇ ဒသမ ၅၃ သန်းကျော်သို့ ရောက်ရှိခဲ့



**ပေကျင်း ဖေဖော်ဝါရီ ၁၉**

၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ လူဦးရေသည် ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး ၇ ဒသမ ၅၃ သန်းကျော်သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

တတိယနှစ် ဆက်တိုက်တိုးတက်မှုဖြစ်ပြီး မွေးဖွားမှုတိုးလာမှုနှင့် မြို့သို့ ပြောင်းရွှေ့လာသူများ ပေါ်ထွက်လာမှုကြောင့် ဖြစ်သည်။

ဟောင်ကောင်၌ မကြာသေးမီက ကိုဗစ်ကန့်သတ်မှုများအပြီး စီးပွားရေးပြန်လည်မြှင့်တင်ရေးနှင့် နိုင်ငံတကာဆွဲဆောင်မှု ပြန်လည်အသက်သွင်းရေးကြိုးပမ်းနေစဉ် ထိုသို့ လူဦးရေတိုးလာခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ဟောင်ကောင်ရှိ မွေးကင်းစမွေးဖွားမှု ပမာဏ ၁၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး ၃၆၇၀၀ ဦး ရှိလာခဲ့သည်ဟု အစိုးရထုတ်ပြန်ချက်၌ ဖော်ပြသည်။

အရည်အချင်းပြည့်ဝသူများ ဆွဲဆောင်မှုနှင့် အလုပ်သမားတင်သွင်းမှု များပြားလာမှုကြောင့် တရုတ်တိုက်ကြီးနှင့် ကမ္ဘာ့အခြားနေရာများမှ လူများ ဟောင်ကောင်သို့ ပြောင်းရွှေ့လာကြသည်။

ဟောင်ကောင်လူဦးရေတိုးလာမှုသည် တရုတ်၏လူဦးရေ ၂၀၂၄ ခုနှစ်တွင် တတိယနှစ်ဆက်တိုက်လျော့နည်းလာမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း သိရသည်။ **Mon**

## ဂါဇာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော် လိုအပ်မည်



**ဂါဇာ ဖေဖော်ဝါရီ ၁၉**

ဂါဇာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံကျော် လိုအပ်မည်ဟု ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့၏ လေ့လာဆန်းစစ်ချက်အသစ်၌ ပါရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပါလက်စတိုင်းနယ်မြေမှ လူဦးရေ ၂ သန်းကို နေရပ်စွန့်ခွာ ရွှေ့ပြောင်းရန် အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်၏အဆိုပြုချက်ကို အစားထိုးနိုင်မည့် အကောင်အထည်ဖော်နိုင်သော ပြန်လည်ထူထောင်ရေးအစီအစဉ်ကို ရှာဖွေနေဆဲအခိုက်အတန့်ကာလအတွင်း အဆိုပါကိန်းဂဏန်းကို အာရပ်နိုင်ငံများက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပါလက်စတိုင်းနယ်မြေကို ပြန်လည်ထူထောင်ရန်နှင့် ပြန်လည်တည်ဆောက်ရန်အတွက် လာမည့် ၁၀ နှစ်အတွင်း ဒေါ်လာ ၅၃ ဒသမ ၂ ဘီလီယံ လိုအပ်မည်ဟု ခန့်မှန်းထားပြီး ပထမ ၃ နှစ်အတွင်း တစ်ခုတည်းအတွက် ဒေါ်လာ ၂၀ ဘီလီယံ လိုအပ်မည်ဟု သုတေသီများက သုံးသပ်သည်။

ပြန်လည်တည်ဆောက်ရန် စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်၏ တစ်ဝက်ကျော် သို့မဟုတ် ဒေါ်လာ ၂၉ ဒသမ ၉ ဘီလီယံသည် ပျက်စီးနေသောအဆောက်အအုံများနှင့် အခြားသော့ချက်ကျသည့် အခြေခံအဆောက်အအုံများအတွက် လိုအပ်ပြီး ဂါဇာ၏ ပျက်စီးနေသော နေအိမ်များကို ပြန်လည်ဖြည့်တင်းရန် ရန်ပုံငွေမှာ ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံ ဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## မော်စကိုလေဆိပ်တွင် အဖမ်းခံရသော အမေရိကန်နိုင်ငံသားကို ရုရှားအာဏာပိုင်များက လွှတ်ပေးလိုက်သည်ဟု ဆို



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

ဆေးခြောက်လက်ဝယ်ထားရှိမှုဖြင့် မကြာသေးမီက မော်စကိုလေဆိပ်တွင် အဖမ်းခံခဲ့ရသော အမေရိကန်နိုင်ငံသားတစ်ဦးကို ရုရှားအာဏာပိုင်များ လွှတ်ပေးလိုက်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အိုဟိုင်းယိုးပြည်နယ်မှ အသက် ၂၈ နှစ်အရွယ် ကလေ့ဘ်ဘိုင်ယားစ်သည် နူကိုဗိုအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၎င်း၏ ခရီးဆောင်အိတ်ထဲတွင် ဆေးခြောက်ရောနှောထားသော သကြားလုံးများတွေ့ရှိပြီးနောက် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

၎င်း ထိုသို့လွှတ်မြောက်လာခြင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထောက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။ **Mon**

ဩစတြေးလျနိုင်ငံ တက်စမေးနီးယားကမ်းခြေရှိ သဲသောင်ပြင်ပေါ်အထိ တက်လာသော ဝေလငါး ၁၅၇ ကောင်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ **Mon**







## ဘင်္ဂလားဒေ့ရှ် အစွန်းရောက်ဘာသာရေးအဖွဲ့များ ဆန့်ကျင်သဖြင့် မိန်းကလေးဘောလုံးပွဲကို တတိယအကြိမ်မြောက် ဖျက်သိမ်းခဲ့ရ

**ဒက္ကာ ဖေဖော်ဝါရီ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယာယီအုပ်ချုပ်ရေးအစိုးရ လက်ရှိတာဝန်ယူထားသော်လည်း ယခင်က နယ်စပ်ဘက်သို့ရောက်နေခဲ့သည့် အစွန်းရောက်အစ္စလာမ်ဘာသာရေးအဖွဲ့များ ပြန်လည်ခေါင်းထောင်လာသည်ဟု စိုးရိမ်မှုများရှိနေကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

မြောက်ဘင်္ဂလားဒေ့ရှ်တွင် ယင်းအစွန်းရောက်ဘာသာရေးအဖွဲ့များ၏ ဆန့်ကျင်မှုကြောင့် မိန်းကလေးဘောလုံးပွဲကို နောက်ဆုံးနှစ်ပတ်အတွင်း တတိယအကြိမ်မြောက် ဖျက်သိမ်းခဲ့ရသည်။

ရန်ပူမြို့၏ အနောက်ဘက် ၇၀ ကီလိုမီတာ(၄၃ မိုင်)ခန့်အကွာရှိ ဒီနာဇပူရဒေသတွင် ဘောလုံးပွဲကို ဆန့်ကျင်နေသည့် အစွန်းရောက်များနှင့် ပွဲကို ထောက်ခံသော ဒေသခံများအကြား မကြာသေးမီက အငြင်းပွားတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး လူလေးဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။ **Mon**

STOP AIDS

## ဖိလစ်ပိုင်နိုင်ငံတွင် တုပ်ကွေးကူးစက်မှုကိုထိန်းချုပ်ရန် ခြင်ဖမ်းသူအား ခြင်တစ်ကောင်လျှင် တစ်ပီဆိုဆုငွေပေး

**မနီလာ ဖေဖော်ဝါရီ ၁၉**

မကြာသေးမီက ဖိလစ်ပိုင်နိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ခြင်ဖမ်းပေးသူများအတွက် ဆုငွေပေးမည်ဟု ကြေညာခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မနီလာမြို့အလယ်ပိုင်း ဘာရန်ဂေးအဂီရှန်ဟီးလ်စ်ကျေးရွာမှ ကျေးရွာခေါင်းဆောင် ကာလီတိုဆာနယ်က ခြင်တစ်ကောင်လျှင် တစ်ပီဆိုပေးမည်ဟု အမှန်တကယ်ပင် ကြေညာခဲ့သည်။

ထိုကြေညာချက်သည် ဖိလစ်ပိုင်နိုင်ငံတွင် ခြင်မှတစ်ဆင့် ကူးစက်သော သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများ မကြာသေးမီက မြင့်တက်လာမှုနှင့် ဆက်စပ်နေသည်။

ဘာရန်ဂေးအဂီရှန်ဟီးလ်စ် ကျေးရွာတွင် ကျောင်းသားနှစ်ဦး သွေးလွန်တုပ်ကွေးရောဂါဖြင့် သေဆုံးပြီးနောက် ဤအစီအစဉ်ကို စတင်ခဲ့ခြင်းဖြစ်ပြီး၊ အနည်းဆုံး တစ်လကြာဆောင်ရွက်သွားမည်ဟု ဆိုသည်။

ယခုအချိန်အထိ ခြင်များဖမ်းလာပြီး ဆုငွေလာထုတ်ယူသူစုစုပေါင်း လူ ၂၁ ဦးရှိနေပြီဖြစ်ကြောင်း သိရသည်။ **Mon**

## ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူမီအော ကီရှီဒကို လုပ်ကြံရန် ကြံစည်သဖြင့် ရီယူဂျီ ကီမူရာဆိုသူ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခြင်းခံရ

**ကိုင်ရို ဖေဖော်ဝါရီ ၁၉**

၂၀၂၃ ခုနှစ်က ဂျပန်ဝန်ကြီးချုပ်ဟောင်း ဖူမီအော ကီရှီဒကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုဖြင့် အသက် ၂၅ နှစ်အရွယ် ရီယူဂျီ ကီမူရာဆိုသူကို ဖေဖော်ဝါရီ ၁၉



ရက်တွင် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဝါကာယာမမြို့တွင် ကျင်းပသည့် ရွေးကောက်ပွဲ မဲဆွယ်မှုအစီအစဉ်တစ်ခုအတွင်း ဝန်ကြီးချုပ်ဟောင်း ကီရှီဒ မိန့်ခွန်းပြောကြားရန် စင်မြင့်ဘက်သို့ ချဉ်းကပ်လာစဉ် ပိုက်ဗုံးတစ်လုံးကို ၎င်းက ပစ်လွှတ်ခဲ့သည်။

ယင်း ပေါက်ကွဲစေသည့် ပစ္စည်းကြောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့ဝင် တစ်ဦးတို့ အနည်းငယ်ဒဏ်ရာရခဲ့သည်။

မိမိအနေဖြင့် ကီရှီဒကို သတ်ဖြတ်ရန် မရည်ရွယ်ဘဲ နိုင်ငံရေးလောကသို့ ဝင်ရောက်ခွင့်မပေးသည့် ရွေးကောက်ပွဲ အသက်ကန့်သတ်ချက်ကို ကန့်ကွက်ရန်ဖြစ်ကြောင်း ပြစ်ဒဏ်ချမှတ်ခံရသော ကီမူရာက ထွက်ဆိုခဲ့သည်။

ဂျပန်နိုင်ငံတွင် လွှတ်တော်အမတ်ဖြစ်ရန် အနည်းဆုံးအသက်မှာ အောက်လွှတ်တော်အတွက် ၂၅ နှစ်နှင့် အထက်လွှတ်တော်အတွက် ၃၀ နှစ်ဖြစ်ကြောင်း သိရသည်။ **Mon**

❖ စာမျက်နှာ ၂၄ မှ

(Biometric)ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ မြို့နယ်ရုံးအတွင်းရှိ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်နှင့် မိတ္တူလျှောက်ထားသူ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ UID နံပါတ် တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှု၊ မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီးဘေးအန္တရာယ်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ ဧည့်ရိပ်သာခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးတို့ကို တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားကာ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး မြန်မာ - ထိုင်း - တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးညှိနှိုင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

မြန်မာ-ထိုင်း-တရုတ် သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တွေ့ဆုံပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ အမြန်ဆုံးလွှဲပြောင်းလက်ခံနိုင်ရေး ဆွေးနွေးညှိနှိုင်းကြသည်။




### တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ် တင်ကိုကို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ တာ့ခ်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး Mr.Narongchai Jindaphan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ- ထိုင်း- တရုတ် သုံးနိုင်ငံပူးပေါင်း၍ (Online Scam) နှင့် (Online Gambling) တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ရေး၊ မူရင်းနိုင်ငံ၊ ဖြတ်သန်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံတို့အကြား လွှဲပြောင်းလက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အဆိုပါနိုင်ငံများအကြား Task Force ဖွဲ့စည်းပြီး Action Plan ရေးဆွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ တတိယနိုင်ငံသားများအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၅၀ ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၀ ကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။



မြန်မာနိုင်ငံ အတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

### စစ်ဆေးဖော်ထုတ်နိုင်

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၅၃ ဦးကို စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပြီး အမြန်ဆုံး ပြည်နှင်လွှဲပြောင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် နယ်စပ်ဒေသများမှ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှု မျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းလွှဲပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



အလိုက် အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု အပါအဝင် လုပ်ငန်းများမရှိစေရေး ဖော်ထုတ် အခြားဒုစရိုက်မှု ခြင်း၊ အရေးယူခြင်းတို့ကိုပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ရန် သဘောတူ

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ဖို့ နှစ်နိုင်ငံအစိုးရချင်း သဘောတူညီမှုရရှိခဲ့ကြောင်း အိန္ဒိယအခြေစိုက် သတင်းတွေမှာ ဖော်ပြထားပါတယ်။

မြန်မာနဲ့ အိန္ဒိယ နှစ်နိုင်ငံဟာ ကုန်းလမ်းကြောင်းကတစ်ဆင့် နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်ရန် ဖေဖော်ဝါရီ ၁၄ ရက်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဂျစ်တင်ပရာဆာဒါတို့က နယူးဒေလီမြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

"နယ်စပ်ကုန်သွယ်ရေးလမ်းတွေကနေတစ်ဆင့် နယ်စပ်ကုန်သွယ်မှုတွေ ပြန်လည်စတင်ဖို့ အရေးကြီးကြောင်းကို အသိအမှတ်ပြုပြီး ဒီကိစ္စကို ဆက်လက်ဆောင်ရွက်သွားဖို့ သဘောတူခဲ့ကြပါတယ်"လို့ အိန္ဒိယဘက်က သတင်းထုတ်ပြန်ထားသည်။

နှစ်နိုင်ငံဝန်ကြီးတွေအနေဖြင့် ဆေးဝါး၊ ပဲမျိုးစုံနဲ့ ရေနံထွက်ကုန်စသည့် ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖို့နှင့် မကြာသေးမီက စတင်ခဲ့သည့် ရူပီး-ကျပ် တိုက်ရိုက်ပေးချေမှုကို ပိုမိုကောင်းမွန်အောင် အသုံးပြုနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယဟာ မြန်မာနိုင်ငံရဲ့ ပဉ္စမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ ဘီလီယံ ရှိခဲ့ကြောင်း သိရသည်။

ရွှေမန်း

## ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမော်က အဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ အသိပညာဗဟုသုတနှင့်ပြည့်စုံ၍ ထူးချွန်ထက်မြက်သည့် လူရည်မွန်လေးများဖြစ်ပေါ်လာစေရန်၊ စာအုပ်၊ စာပေများမှရရှိသည့် အသိပညာဗဟုသုတများကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ပြန်လည်မျှဝေ ဆွေးနွေးအသုံးချတတ်စေရန်၊ စာပေစွမ်းအားဖြင့် နိုင်ငံ့အကျိုး၊ အများပြည်သူအကျိုးကို တိုးတက်အောင်ဆောင်ရွက်နိုင်စေရန် အသိပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ဒက္ခိဏခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်ပြဘုတ်များ၊ ဗလငါးတန်ဖွံ့ဖြိုးစေရေး နံရံကပ်ပြဘုတ်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## ကိုင်းမြေတွင်စိုက်ပျိုးသော ပြောင်းဖူးများ အောင်မြင်ဖြစ်ထွန်း

**မကွေး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ရေနံချောင်းမြို့နယ်၌ ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းမြေများတွင် စိုက်ပျိုးသော ပြောင်းဖူးပင်များ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံများထံက သိရသည်။

ဆောင်းရာသီသီးနှံအဖြစ် မြေအောက်အစိုဓာတ်ရေဖြင့်လည်းကောင်း၊ မြေအစိုဓာတ်ရရှိသော ကိုင်းမြေများတွင် ပန်နီပြောင်းဖူးမျိုးစေ့ကိုဝယ်ယူ၍ စိုက်ပျိုးကြကြောင်း ရေနံချောင်းမြို့နယ်မှ ပြောင်းဖူးစိုက်သူများထံက သိရသည်။

လက်ရှိ ပြောင်းဖူးစိုက်ခင်းတွင် ပြောင်းဖူးများ ဖူးနေကြပြီဖြစ်ပြီး စိမ်းစိမ်းစိုစိုဖြင့် အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ အချို့စိုက်ခင်းများတွင် ပြောင်းဖူးများရရှိပြီး တစ်ဆင့်ပြန်ရောင်းသူများကို ရောင်းချလျက်ရှိသည်။

တောင်သူများသည် တစ်ဆင့်ရောင်းချသည့်ဆိုင်များကို ပြောင်းဖူးတစ်ရာလျှင် ငွေကျပ် ၂၅၀၀၀ ကနေ ၃၀၀၀၀အထိ ရောင်းရပြီး လက်လီဈေးကွက်မှာ ရာသီစာအဖြစ် စားသုံးသူများက ဝယ်ယူကြသည်။

ပြောင်းဖူးပင်ကို ဘူးကျွန်းကျေးရွာအုပ်စု၊ ပင်းဝကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စုများ အပါအဝင်ကျေးရွာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၇၂)**

## ဆင်ပေါင်ဝဲမြို့တွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၃၄၉ ဦး ဝင်ရောက်ဖြေဆိုမည်

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်မှ ၂၂ ရက် အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၄၉ ဦး ဖြေဆိုခွင့်လျှောက်လွှာများ တင်သွင်းသည်။

ဆင်ပေါင်ဝဲမြို့နယ်တွင် တက္ကသိုလ်ဝင်စာစစ်ဌာနများဖြစ်သော အခြေခံပညာအထက်တန်းကျောင်း(ဆင်ပေါင်ဝဲ)၊အခြေခံပညာအထက်တန်းကျောင်း (ချောင်းကောက်)၊ အခြေခံပညာအထက်တန်းကျောင်း(လက်ပန်) အပါအဝင် စာစစ်ဌာန(၃)ခု ဖွင့်လှစ်ထားရှိသွားမည် ဖြစ်သည်။

ဆင်ပေါင်ဝဲမြို့နယ်အနေဖြင့် ဖြေဆိုခွင့်လျှောက်ထားသူ ၃၄၉ ဦးတွင် အတွဲ(၁) ၂၆၂ ဦး၊ အတွဲ(၂) ၂၅ ဦး ၊ အတွဲ(၃) ၆၀ ဦးနှင့် ပြင်ပဖြေဆိုခွင့်လျှောက်ထားသူ ၂၂ ဦးတွင် အတွဲ(၁)တွင် ၁၅ ဦး၊ အတွဲ(၂)တွင် ငါးဦး၊ အတွဲ(၃)တွင် နှစ်ဦးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀-၀





## ဆီးချဉ်သီးနှင့် ဆီးချိုသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး အတွင်း စိုက်ပျိုးထားရှိသော ဆီးချဉ်သီးနှင့် ဆီးချိုသီးများ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ဆီးသီးစီးပွားဖြစ် စိုက်ပျိုးသူများထံက သိရသည်။

ဆီးသီးအစိုများကို ဝယ်ယူမှုရှိသကဲ့သို့ ဆီးသီးအခြောက်များကို တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သူများက ဝယ်ယူခြင်း၊ ဆီးဝတ်ဆံ ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခြင်း၊ တိုင်းရင်းဆေးထုတ်လုပ်ရာတွင် အသုံးပြုနိုင်ခြင်းနှင့် ဆီးခွဲခြမ်းများကိုလည်း လောင်စာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် ဝယ်ယူသူ များပြားလျက်ရှိသည်။

"ဆီးသီးက အလေ့ကျပေါက်တဲ့အသီးတွေကို ရောင်းချရတာရှိသလို တချို့ကြတော့လည်း စီးပွားဖြစ် စိုက်ပျိုးကြတာရှိပါတယ်၊ ဈေးကွက်ကလည်း ကျယ်ပြန့်တော့ ဝယ်ယူသူများပြီး လျော့သွားတာမျိုးမရှိဘူး၊ စိုက်ပျိုးသူတွေအတွက်လည်း အဆင်ပြေတဲ့ သီးနှံအမျိုးအစားပါ။ ပိုမိုစိုက်ပျိုးသင့်ပါတယ်"ဟု ဆီးသီးစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ဆီးချဉ်သီး၊ဆီးချိုသီးများအား မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊တံတားဦး၊ မြင်းခြံ စသည့် ခရိုင်များတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ အရိပ်ရအပင်အနေဖြင့် ယခင်က စိုက်ပျိုးခဲ့ကြရာမှ ဈေးကွက်ကောင်းမွန်ခြင်းကြောင့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြသည်။

ဆီးချဉ်သီးကို ဈေးကွက်တွင် အစိုနှင့် အခြောက်ခွဲခြားကာ အခြောက်ကို ဆီးသီးတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် အသုံးပြုသည့် ပြည်တွင်းလုပ်ငန်းရှင်များက ဝယ်ယူကြကြောင်း၊ ဆီးဝတ်ဆံများကိုလည်း ဆီးချဉ်သီးမှ ထုတ်လုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ဆီးခွဲခြမ်းတွေကို လောင်စာအဖြစ် ရောင်းချကြသည်။ ဆီးဝတ်ဆံများကို ရေနံချောင်း၊ ချောက်၊ မလှိုင်၊ တောင်သာနှင့် မိတ္ထီလာစသည့် မြို့များတွင် အများဆုံးကြိတ်ခွဲထုတ်လုပ်ကြကြောင်း၊ ဆီးချဉ်သီးသည် နှစ်စဉ်နွေရာသီတွင် စတင်ထွက်ပေါ်လေ့ရှိပြီး တစ်နှစ်တစ်ခါသာထွက်ပေါ်သည့် သီးနှံဖြစ်သည်။

လက်ရှိဈေးကွက်အတွင်းတွင် ဆီးချဉ်သီးအခြောက်တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ ဝန်းကျင်၊ ဆီးဝတ်ဆံတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၈)**

**အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်**

- မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် ၅၀မိုင်( ၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်သို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့် ရရှိစေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အတတ်ပညာသာမက အသိပညာ ဗဟုသုတများ ရှာမှီးနိုင်ရန်၊ နိုင်ငံ့အနာဂတ်စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့် ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုသူများဖြစ်စေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနဖြင့် ပူးပေါင်းကာ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်သို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်ရရှိစေရေး အသိပညာပေးဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက စငေါ်ကျေးရွာအုပ်စု၊ စအွန်ကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက်၌ ဆောင်ရွက်သည်။



အသိပညာပေးဟောပြောပွဲတွင် ဒေသအဆင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက ကျောင်းသား၊ ကျောင်းသူသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် တန်ဖိုးဖြတ်မရသည့် ရတနာများဖြစ်သဖြင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင်အတွေးအခေါ်များနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေပြီး ငယ်စဉ်က စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာပေချစ်မြတ်နိုးစိတ်များ ကိန်းအောင်းနေစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်ရရှိစေရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အခြေခံပညာအလယ်တန်းကျောင်း(စအွန်)မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး သိရှိလိုသည်များအား မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးသည့် လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၃၆၈)

# နတ်မောက်မြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**နတ်မောက် ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် လူငယ်များ အသိပညာ ဗဟုသုတတိုးပွားလာစေရေး၊ လူငယ်များအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံလာစေရန်၊ ပြောဆိုဆွေးနွေးတတ်သည့် အလေ့အထများ၊ အလေ့အကျင့်ကောင်းများ ရရှိလာနိုင်စေရန်ရေးအတွက် လူငယ်စကားဝိုင်းများ၊ လူငယ်အသိပညာပေး ဟောပြောပွဲများကို ကျင်းပပေးလျက်ရှိပါကြောင်း၊ လူငယ်များအနေဖြင့် အသိပညာပေးဟောပြောပွဲမှရရှိသည့် အသိပညာ ဗဟုသုတများကို မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အကျိုးရှိစွာ အသုံးပြုတတ်စေရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် ယခုလို အသိပညာပေး ဟောပြောပွဲများကိုလည်း ကျောင်းဖွင့်ရာသီချိန်များတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဝင်းမေထွန်း(စာထောက်-၃)က ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်အသိပညာပေး နံရံကပ်စာတပ်ပုံများကို ပြသရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၅)





# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းဆုံကြီးကျေးရွာရှိ စီမံကိန်းဝင် အသင်းသား၊ အသင်းသူများကို တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးပွားရေး ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ရေရှည် လည်ပတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်မ,တည်ရန်ပုံငွေကျပ် ၄၁ ဒသမ ၄၀၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးဖြင့် လုပ်ငန်းများ လည်ပတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း လမ်းအရှည် ၇၀၀ အား အကျယ် ၁၂ ပေ၊ အမြင့်ထု ခြောက်လက်မ ကွန်ကရစ်လမ်းအဖြစ် ကျေးရွာနေပြည်သူများ သွားလာရေး အဆင်ပြေအောင် ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ပုံ)

(၄၄၅)

# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ အကွက် (၇၄၆)၊ ရန်မျိုးလုံရပ်ကွက်၊ ၇၂ လမ်း၊ လမ်း၃၀နှင့် ၃၁ လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဖေဖော်ဝါရီ ၂၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

တံတားနှင့်လမ်း၊
ဆေးခန်းနှင့်
ကျောင်း၊
ဆည်မြောင်းနှင့်
ကန်
သစ်ပင်ရုံမှ
သဏ္ဍာန်လုပ
ပန်ရလိမ့်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## ဂျပန်သရုပ်ဆောင်Hiroyuki Sanada က Rush Hour 3 တွင် ပါဝင်ခဲ့

ဟောလိဝုဒ်ရုပ်ရှင် Rush Hour 3 တွင် ဂျပန်သရုပ်ဆောင် ဟီရိုယူကီဆာနာဒါ ပါဝင်သရုပ်ဆောင်ထား၍ ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဂျပန်မင်းသား ဟီရိုယူကီဆာနာဒါက အဆိုပါဇာတ်ကားတွင် တရုတ် triad အဖွဲ့ဝင် ဂျပန်လူမျိုးတစ်ဦးအဖြစ် ပါဝင်ထားကာ ဂျပန်လိုသုံးခွန်းသာ ပြောကြားခဲ့ပြီး တစ်ကားလုံး အင်္ဂလိပ်လို ပြောဆို၍ သရုပ်ဆောင်ထားသည်။

ပရိသတ်အားပေးမှုနှင့် Rush Hour ရုပ်ရှင်မှာ အပိုင်းသုံးအထိ ရိုက်ကူးထုတ်လုပ်ခဲ့ရာ ဂျပန်မင်းသား ဟီရိုယူကီဆာနာဒါ၏ သရုပ်ဆောင်စွမ်းရည်ကြောင့် ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိခဲ့သည်။

(SKY)



## Selena Gomez ၂၀၂၄ ခုနှစ်တွင် ကျော်ကြားသူများ စာရင်းဝင် ဖြစ်

ဟောလိဝုဒ်ကြယ်တစ်ပွင့်ဖြစ်သည့် Selena Gomez သည် ၂၀၂၄ ခုနှစ်တွင် ကျော်ကြားသူများစာရင်းတွင် ပါဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါစာရင်းကို ဟောလိဝုဒ်ဂီတဒေါ့ကွန်းမှ ထုတ်ပြန်ပေးထားရာ နာမည်ကျော်ဂီတပညာရှင်များစွာအနက် Selena Gomez လည်း စာရင်းဝင်ဖြစ်ခဲ့ပြီး အနုပညာလုပ်ငန်းနှင့်ပရဟိတလုပ်ငန်းများကို ပူးတွဲလုပ်ကိုင်နေသူဖြစ်သည်။

Selena Gomez သည် တစ်ကိုယ်တော်ဂီတနှင့် ပရိသတ်အားပေးမှုမြင့်မားစွာ ရရှိထားပြီး ၂၀၂၄ ခုနှစ် အကျော်ကြားဆုံးအနုပညာရှင်စာရင်းတွင် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

(SKY)

## ဓာတ်မတည့်နှာခေါင်းရောင်ရောဂါရှိသူများတွင် နှာခေါင်းအတွင်းရှိ မှိုများ၏ဖွဲ့စည်းပုံ ခြားနားမှုရှိ

လေ့လာမှုအသစ်တစ်ရပ်အရ ဓာတ်မတည့်နှာခေါင်းရောင်ရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါရှိသူများတွင် နှာခေါင်းအတွင်းရှိ မှိုများ၏ ဖွဲ့စည်းပုံခြားနားမှုရှိကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည်ဟု အဏုဇီဝဗေဒရှေ့ဆောင်ဂျာနယ်တွင် ဖော်ပြသည်။

ယင်းတွေ့ရှိချက်သည် ကုသမှုနည်းလမ်းသစ်များအတွက် အလားအလာကောင်းများကို ညွှန်ပြနေပြီး နောက်ထပ်လေ့လာမှုများ ပြုလုပ်ရန် လိုအပ်ကြောင်းလည်း ဖော်ပြထားသည်။


နှာရည်ယိုခြင်းကို ဖြစ်စေသည့် ဓာတ်မတည့်နှာခေါင်းရောင်ရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါတို့သည် တွဲလျက်ဖြစ်ပွားလေ့ရှိပြီး ကျန်းမာရေးကို သိသိသာသာ ထိခိုက်စေနိုင်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ ဖြစ်သည်။

၎င်းတို့၏ သုတေသနအရ ဓာတ်မတည့်နှာခေါင်းရောင်ရောဂါရှိသူများတွင် ပန်းနာရင်ကျပ်ရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ နှာခေါင်းအတွင်းရှိ မှိုများ၏ ဖွဲ့စည်းပုံသည် ကျန်းမာသူများနှင့် ကွဲပြားသည်ဟု တွေ့ရှိခဲ့ကြောင်းသိရသည်။ SCI



## See You on Venus စပိန်ကား စိတ်ကူးယဉ်ကမ္ဘာထဲမှ မိန်းကလေးအကြောင်း ရိုက်ကူးထား

စပိန်ကား See You on Venus မှာ စိတ်ကူးယဉ်ကမ္ဘာထဲမှ မိန်းမပျိုလေးအကြောင်း တင်ပြထားပြီး စပိန်တစ်ခွင် လှပသောနေရာများနှင့် ဖြည့်စွက်ရိုက်ကူးထားကြောင်း ရုပ်ရှင်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားတွင် ဗီးနပ်စ်ဂြိုဟ်ကို သဘောကျပြီး စိတ်ကူးယဉ်ကမ္ဘာလေး တည်ဆောက်ထားသည့် မိဘမဲ့ဂေဟာမှ မိန်းကလေးတစ်ဦးအကြောင်းဖြစ်ကာ ဗီးနပ်စ်တွင် စစ်ပွဲမရှိ၊ နာကျင်ဆာလောင်မှုမရှိ၊ ကလေးများကို မချစ်သည့် မိဘမရှိဟူ၍ ထူးခြားမှုရှိ၍ ကြိုက်နှစ်သက်သူဖြစ်သည်။

ဗီးနပ်စ်ကို မသွားနိုင်သော်လည်း စပိန်တွင်ရှိသည့် မိခင်ရှာပုံတော်ထွက်ရန် ပြင်ဆင်ကာ နှစ်နှစ်တာ စုဆွေလေးနှင့် ခရီးထွက်ခဲ့ရာမှ သူငယ်ချင်းတစ်ဦးပြောသည့် 'မွေးဖွားလာခြင်းအတွက် ဝမ်းသာသူတစ်ယောက်ယောက်တစ်နေရာမှာ အမြဲရှိနေသည်' ဆိုသည့်အတိုင်း သတ်သေရန် ကြိုးစားသည့် လူငယ်လေးကို ခရီးစဉ်တွင် ဆွဲခေါ်သွားပုံကို စပိန်အလှတရားများနှင့်အတူ မြင်တွေ့ကြရကာ IMDB 7.0 ရရှိထားသည်။

(SKY)

## The Nun ရိုက်ကူးရေးကို ရိုမေးနီးယားတွင် ရိုက်ကူးထား

သည်းထိတ်ရင်ဖိုဇာတ်ကား The Nun ရုပ်ရှင်ကို ရိုမေးနီးယားမှ ဘုရားကျောင်းတွင် ရိုက်ကူးခဲ့ရာ ထူးခြားသော ဖြစ်စဉ်များနှင့်ကြုံခဲ့ရသည်ဟု ရိုက်ကူးရေးတာဝန်ခံက ပြောကြားထားကြောင်း၊ ရုပ်ရှင်အဖွဲ့သားများအားလုံး ရိုမေးနီးယားဘုရားကျောင်းသို့ ရိုက်ကူးရေးအသွား ဆိတ်တစ်အုပ်လမ်းပိတ်ဆို့ထား၍ ရိုက်ကူးရေးကြန့်ကြာခဲ့ကာ နောက်ရက်တွင် အခြားလမ်းမှ သွားရန်စီစဉ်ခဲ့သော်လည်း သိုးအုပ်တစ်အုပ်က လမ်းပိတ်ဆို့ထားခဲ့သည်။

ထို့အပြင် The Nun အဖြစ်သရုပ်ဆောင်မည့် မင်းသမီး မိတ်ကပ်ပြင်ဆင်ချိန်တွင် လင်းနို့ရုတ်တရက်တိုက်ခိုက်ခံခဲ့ရကာ ရုပ်ရှင်အဖွဲ့သားများက စစ္စတာအိုင်ရင်းကို စကြံလမ်းတွင် မကောင်းဆိုးဝါးခြောက်လှန့်မည့်အခန်းရိုက်ကူးရန် ပြင်ဆင်နေစဉ် ခြေသံများကြားခဲ့ရပြီး သရုပ်ဆောင်များက မိတ်ကပ်ခန်းတွင်ပင် ရှိသေးကြောင်း ရိုက်ကူးရေးတာဝန်ခံက ပြောကြားခဲ့သည်။

(SKY)

0-0-0-0-0-0-0




## Andrew Garfield က We Live in Time တွင် ပါဝင်

အိုင်းရစ်ဒါရိုက်တာ ဂျွန်ခရိုလီ ရိုက်ကူးထားသည့် We Live in Time တွင် မာဘယ်လ် ရုပ်ရှင်သရုပ်ဆောင် ဖလောရင့်ပူးလ်နှင့် အင်ဒရူးဂါဖီးလ်တို့လည်း ပါဝင်ထားကြသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် ဇာတ်ညွှန်းကို နစ်ပါနီက ရေးသားထားပြီး စတူရီယိုကန်နယ်နှင့်အတူ ဆန်နီမတ်ချ်၊ လန့်ကလက်ကီ၊ အဒန်အက်လန်းနှင့် ဂေးဟီလေးတို့က ထုတ်လုပ်ထားကာ သရုပ်ဆောင်ဘန်နီဒစ်ကူဘာဘစ်လည်း တာဝန်ယူထုတ်လုပ်ထားသည်။




ယင်းရုပ်ရှင်သည် ဒရမ်မာအမျိုးအစားဖြစ်ပြီး ဖလောရင့်ပူးလ်နှင့် အင်ဒရူးဂါဖီးလ်တို့ အချစ်ဇာတ်လမ်းနှင့်အစပြုထားကာ အမေရိကန်နိုင်ငံတွင် အောက်တိုဘာလလယ်က ရုံတင်ပြသခဲ့ရာ ပရိသတ်အားပေးမှုထင်သလောက် မရရှိခဲ့ပေ။

အင်ဒရူးဂါဖီးလ်သည် The Amazing:SpiderMan, SpiderMan:Noway Home, Tick Tick Boom နှင့် ရုပ်ရှင်ဇာတ်ကားများစွာတွင် ပါဝင်ထားပြီး ပရိသတ်အားပေးမှု ရရှိထားသူ ဖြစ်သည်။

(SKY)

0-0-0-0-0-0

## J Hope က WV Magazine နှင့် အင်တာဗျူးထား

ဘီတီအက်စ်အဖွဲ့ဝင် ခုနစ်ဦးအနက် သင်တန်းပြီးဆုံးခဲ့သော အဖွဲ့ဝင်နှစ်ဦး ဂျင်နှင့်ဂျေဟုတ်တို့ အနုပညာလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေရာမှ ဂျေဟုတ်က WV မဂ္ဂဇင်းနှင့်အင်တာဗျူးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


အဆိုပါမဂ္ဂဇင်းအင်တာဗျူးတွင် ဂျေဟုတ်က ဂျင်သည် သင်တန်းမှ ပြန်လာပြီး ယခင်က မလုပ်ခဲ့ရသည့်အရာများကို လုပ်နေသည်ကို မြင်ရ၍ သူလည်း လုပ်ရမည်ဟု အတွေးဝင်ခဲ့ရသည်ဟု ဖြေဆိုထားသည်။

ဆက်လက်၍ ဂျင်က ဒီလိုဟာမျိုးတွေ လုပ်ချင်နေခဲ့တာကိုးဟု တွေးပြီး အတူပါဝင်ရန် ဆုံးဖြတ်ထားကြောင်း ၂၀၂၄ ခုနှစ်တွင် ဂျင်၏ Another Level နှင့် အာရ်အမ်၏ Groin တို့မှာ Dazed ၏ အကောင်းဆုံးသီချင်းများအဖြစ် အရွေးခံရ၍ ဝမ်းသာကြောင်း ထပ်မံပြောကြားခဲ့သည်။

(SKY)

0-0-0-0-0-0

0-0-0-0-0-0



## စာပတ်ရှိန်မြှင့်တင်ရေး
## စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း စာပတ်ဝိုင်း ကျင်းပ

**မိုင်းခတ် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်တွင် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Women Club) မှ စာရေးဆရာ စေတနာလှိုင်၏ 'ရွှေစည်းကမ်းနှင့်ရွှေနည်းလမ်းများ' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အကြောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူး ဒေါ်နန်းခင်ညွန့်က စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်းပြောကြားကာ တက်ရောက်လာကြသော Women Club မှ အဖွဲ့ဝင် ဒေါ်ချစ်စုစိုးသန့်က အဆိုပါစာအုပ်မှ အချိန်ကိုတန်ဖိုးရှိရှိ အသုံးချပါ၊ အဖွဲ့ဝင် ဒေါ်မြင့်မြင့်စန်းက လူငယ်တွေစာများများဖတ်ပါ၊ အဖွဲ့ဝင် ဒေါ်မျိုးသီရိလွင်က စာဖတ်နည်းအမျိုးမျိုးခေါင်းစဉ်ပါစာပိုဒ်များအား ဖတ်ကြားဆွေးနွေးရာ အဖွဲ့ဝင်များက စာပေဖတ်ရှုခြင်းအကြောင်းများ အပြန်အလှန် ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက် နွေရာသီအခြေခံအားကစားနည်း (၇)မျိုး အခမဲ့သင်ကြားပေးမည်

**ဟိုပုံး ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ကျန်းမာပျော်ရွှင်ကာ အားကစားကဏ္ဍဖွံ့ဖြိုးပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ နွေရာသီအခြေခံအားကစားနည်း (၇)မျိုး အခမဲ့သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းအား မတ်လ ၁ ရက်မှ မတ်လ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး မြို့မအားကစားကွင်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်းအားလည်းကောင်း၊ ကျောက်တိုင်ကွင်းတွင် ဘော်လီဘောအားလည်းကောင်း၊ သာသနာ့ဗိမာန်တွင် စားပွဲတင်တင်းနစ်အားလည်းကောင်း၊ ပေါင်လင်းစက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းတွင် တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ ခရစ်ကတ်စသည့် အားကစားနည်းများကိုလည်းကောင်း သက်ဆိုင်ရာ နည်းပြဆရာများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။

နွေရာသီအခြေခံအားကစားသင်တန်းများသို့ အခြေခံပညာစာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ မည်သူမဆို တက်ရောက်သင်ကြားနိုင်မည်ဖြစ်ပြီး သင်တန်းအခမဲ့ တက်ရောက်ခွင့်နှင့် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်သွားမည် ဖြစ်သည်။

နွေရာသီအခြေခံအားကစားသင်တန်းတွင် တက်ရောက်သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် ဟိုပုံးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးသို့ ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ၂၅ ရက်အထိ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဆက်သွယ်လျှောက်ထားနိုင်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။ **(၃၆၈)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။




## ရှာင်မြို့နယ်တွင် ယခင်နှစ်များထက် ကော်ဖီသီးဈေးကောင်းရရှိ

**ရှာင် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာင်မြို့နယ်၌ နှစ်ရှည်ပင်စိုက်ပျိုးရင်းနှီးမြှုပ်နှံရာတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည်လည်း အခန်းကဏ္ဍတစ်ရပ်အဖြစ် ပြောင်းလဲတိုးတက်လုပ်ကိုင်လာကြသည်။ ရှာင်မြို့နယ်တွင် ကော်ဖီစိုက်ပျိုးမှုကို လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက မိမိတို့၏နေအိမ်ခြံတိုင်းတွင် စိုက်ပျိုးကြသော်လည်း မကြာသေးသောနှစ်များအတွင်းမှာပင် ဆန်းသစ်သောစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်းမျိုးသန့်များကို လေ့လာပြီး စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ် စိုက်ပျိုးလာသောကြောင့် ရှာင်ကော်ဖီသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကျယ်ကျယ်ပြန့်ပြန့်နေရာရလာသည်။ အရည်အသွေးပြည့် ကော်ဖီချယ်ရီသီးများကို ယခင်နှစ်များက တစ်ပြည်(နို့ဆီဘူး ၁၀ ဘူး)လျှင် ငွေကျပ် ၆၀၀၀ ခန့်သာရရှိသောကြောင့် လုပ်အားခနှင့်တွက်ဆပါက မကိုက်လှပေ။ ယခုနှစ်ကော်ဖီအစဖွင့်ဈေးမှာ တစ်ပြည်လျှင် ငွေကျပ် ၈၀၀၀မှ စ၍ဝယ်ယူပြီး ယခုလက်ရှိ ခြံရှင်ဈေးမှာ ငွေကျပ် ၈၅၀၀ မှ အသီးလှပါက ငွေကျပ် ၉၀၀၀ အထိ မြင့်တက်ရောင်းချရသောကြောင့် ကော်ဖီခြံပိုင်ရှင်များဝင်ငွေတိုးပြီး တွက်ခြေကိုက်လျက်ရှိကြသည်။ ကော်ဖီတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီနှစ်မျိုးရှိရာ ရှာင်မြို့နယ်တွင် ကုန်းမြင့်ကော်ဖီများကို စိုက်ပျိုးကြသည်။ တစ်ဧကလျှင် ပင်ခြားတန်းခြား ရှစ်ပေ လေးပေ စိုက်ပျိုးပါက အပင်ပေါင်း ၁၃၆၀ပင် ဝင်ဆံ့သည်။ တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက ၅၀၀၀၀ကျော်ရှိသည့်အနက် ရှမ်းပြည်နယ်တွင် ကော်ဖီစိုက်ဧက ၂၇၀၀၀ကျော် စိုက်ပျိုးကြရာ ရှာင်မြို့နယ်မှ ဧကပေါင်း ၈၀၀၀ ကျော် စိုက်ပျိုးနိုင်သောကြောင့် တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧက အများဆုံးဖြစ်ကြောင်း သိရသည်။

**(ယာပုံ) (၃၃၈)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ရှမ်း

## ဆီခန်းချိန်

* ပစ်သွားတော့လည်း
ဘာဖြစ်မှာလဲ။
တရားနဲ့ဖြေ၊ အနေမကျပ်
လွတ်လပ်စွာနေ။

* မုန်းသွားတော့လည်း
ဘာဖြစ်မှာလဲ။
တရားနဲ့ဖြေ၊ နှလုံးသွင်း
ပြုံးနေလိုက်ပါ။

* မခေါ်တော့လည်း
ဘာဖြစ်မှာလဲ။
တရားနဲ့သာ မွေ့လျော်ပိုက်
ပျော်နေလိုက်ပါ။

* အနိစ္စ၊ သင်္ခါရ၊ လောကနိယာမ
တွေ့ကြဆုံကြ၊ ချစ်ကြကြိုက်ကြ
ပျော်ကြပါးကြ၊ ရယ်မောကြနဲ့
ခွဲရ ခွာရ၊ ငိုကြရနဲ့
ဘာမှမမြဲ၊ ဒီလိုပဲသိထား
တရားနဲ့ဖြေ၊ နေတတ်အောင်ကျင့်
သင့်ရဲ့မီးအိမ်၊ ဆီခန်းမှိန်ပြီ
အချိန်တိုတွင်း၊ ငြိမ်းတော့မှာ။ ။

**ချမ်းမြေ့မိုး(မန္တလေး)**



# စာသင်ကျောင်းများ၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ မြို့ပေါ်အတွင်းရှိ ၂၀၂၅ ခုနှစ် မတ်လတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုကျင်းပမည့် စာစစ်ဌာန စာသင်ကျောင်းများတွင် မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီက အောင်လံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးက မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ၊ ဟောင်းနွမ်းဆွေးမြေ့နေသော လျှပ်စစ်ဝါယာကြိုးများ လဲလှယ်ရန်၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ ပြုလုပ်ထားရှိရန် မီးသတ်ဆေးဘူးများ ပြန်လည်ဖြည့်တင်းထားရှိရန်၊ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်အမှိုက်များ ရှင်းလင်းထားရှိရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

# မိုင်းဆတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက မိုင်းဆတ်မြို့နယ်၊ မဟုန်လွယ်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တာချီလိတ်မြို့ဘက်မှ မိုင်းဆတ်မြို့ဘက်သို့ အောင်ကျော်စိုး(ခ)အားကျိန်နဆိုသူ မောင်းနှင်လာသည့် CRV အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် ၉၃ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ကျော်စိုး(ခ)အားကျိန်န (၅၃)နှစ်ဆိုသူအား မိုင်းတွမ်းနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# Online Appointment ကိစ္စ မသမာမှုများကိုဖြေရှင်းရာတွင် ကိုယ်တိုင်လျှောက်သူများ ပါဝင်သွားပါက ပြန်လည်တင်ပြနိုင်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံးအသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၉

နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန်အတွက် Online Appointment များရယူကာ ရောင်းချမှုများရှိသောကြောင့် သံသယရှိသူများ၏ Appointment များကို စိစစ်၊ ပယ်ဖျက်ရာတွင် ကိုယ်တိုင်လျှောက်ထားရန် ဆောင်ရွက်ထားသော နိုင်ငံသားများ၏ Appointment များပါရှိသွားပါက အချက်အလက် အပြည့်အစုံတင်ပြ၍ သံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ကြောင်း ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံရုံးက အသိပေးကြေညာထားသည်။

မြန်မာသံရုံးအနေဖြင့် ဂျပန်နိုင်ငံတွင် ရောက်ရှိနေထိုင်နေကြသည့် မြန်မာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာကိစ္စရပ်များကို အလေးထား ဆောင်ရွက်ပေးလျက်ရှိရာ သံရုံးသို့ လူကိုယ်တိုင်လာရောက်၍ ဆောင်ရွက်ကြသူ အလွန်များပြားလာသောကြောင့် မြန်မာနိုင်ငံသားများအား အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှုပေးနိုင်စေရန်အတွက် Online Appointment စနစ်ကို ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ကျင့်သုံးခဲ့ကြောင်း ဖော်ပြထားသည်။

အဆိုပါ Online Appointment စနစ်တွင် ရက်ချိန်းရယူထားပြီး သံရုံးသို့ လူကိုယ်တိုင် လာရောက်ရန် အခက်အခဲရှိသူများအတွက်လည်း မိသားစုဝင်တစ်ဦးဦးမှဖြစ်စေ၊ အသိမိတ်ဆွေမှဖြစ်စေ ကိုယ်စားလှယ်လွှဲစာဖြင့် လာရောက်လျှောက်ထားခြင်းကို ဖြေလျှော့ခွင့်ပြုထားရှိသည်ဟု ပါရှိသည်။

သို့ရာတွင် အဆိုပါဖြေလျှော့ပေးမှုအပေါ် အချို့သူများက မိမိအကျိုးအတွက် အသုံးပြုနေကြောင်း သံရုံးအနေဖြင့် စိစစ်တွေ့ရှိရပြီး အဆိုပါပုဂ္ဂိုလ်များသည် မိမိကိုယ်တိုင်လျှောက်ထားရန်အတွက်မဟုတ်ဘဲ Online Appointment စနစ်သို့ အမည်အမျိုးမျိုး၊ အီးမေးလ်လိပ်စာအမျိုးမျိုးဖြင့် ဝင်ရောက်ကာ ကြိုတင် Appointment များရယူထားပြီး အဆိုပါ Appointment အား အခကြေးငွေဖြင့် ရောင်းချကာ ကိုယ်ကျိုးအတွက် အသုံးချနေကြသဖြင့် ကိုယ်တိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားများမှ ရက်ချိန်းရယူရာတွင် အခက်အခဲရှိနေကြောင်း တွေ့ရှိရကြောင်းလည်း ဖော်ပြပါရှိသည်။

ထို့ကြောင့် မြန်မာသံရုံး တိုကျိုမြို့ အနေဖြင့် မိမိအကျိုးစီးပွားအတွက် Online Appointment များ ကြိုတင်ရယူဆောင်ရွက်ထားကြောင်း သံသယရှိသူများ၏ Appointment များကို စိစစ်ပယ်ဖျက်လျက်ရှိရာ ကိုယ်တိုင်လျှောက်ထားရန် ဆောင်ရွက်ထားသော နိုင်ငံသားများ၏ Appointment များပါရှိသွားပါက အချက်အလက် အပြည့်အစုံတင်ပြ၍ သံရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပြီး သံရုံးမှလိုအပ်သည့် စိစစ်မှုများပြုလုပ်၍ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

သံရုံးသို့ လာရောက်ရာတွင်လည်း ကာယကံရှင်က ကိုယ်တိုင်ပြုလုပ်ထားခြင်းမရှိသည့် Appointment များဖြင့် လာရောက်ခြင်းဟုတ်၊မဟုတ် လိုအပ်သည့်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ ကောင်စစ်ဌာနအတွင်းသို့ ဝင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထားသည်။

ထို့ပြင် မှုနှင့်ကိုက်ညီသော လျှောက်ထားမှုများနှင့် မိသားစုဝင်များမှအပ Appointment တစ်ခုလျှင် လျှောက်လွှာတစ်စောင်သာ လက်ခံသွားမည်ဖြစ်ပြီး မိသားစုဝင်များမှအပ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကိုယ်စားလာရောက်လျှောက်ထားသူများအား လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးထားကာ သံရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားရန်အခက်အခဲရှိသောဝေးလံဒေသများမှမြန်မာနိုင်ငံသားများအနေဖြင့် စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားမှုကို ဆက်လက်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သံရုံးမှ အသိပေးထားသည်။

မေသက်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "sunnybro88(ASZW)" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြေစကောင်းကျေးရွာနေ ထင်လင်းအောင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

# မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် သူဇာဝင်းဆိုသူ သယ်ဆောင်လာသော ပစ္စည်းများအတွင်းမှ ဆပ်ပြာခွက်များဖြင့် ထည့်ထားသည့် ဘိန်းဖြူ အလေးချိန် ၁ ဒသမ ၁ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် သူဇာဝင်း(၅၃)နှစ်ဆိုသူအား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ချောင်းဦး၊ ငါန်းဇွန်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့ဝင်များက လက်နက်ကြီး၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်သူနှစ်ဦးသေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စစ်ကိုင်း တိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ မန္တလေး တိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်နှင့် မတ္တရာမြို့နယ်တို့တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် လေကြောင်း တိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိကအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံ ဝါဒဖြန့်ဝေ




လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်များမှ လုံခြုံရေး တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါ မြို့နယ်များအတွင်း လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများ သေဆုံးပြီး သာသနိက အဆောက်အအုံများ ပျက်စီးသည် ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ မြို့နယ်များအား ပစ်ခတ်တိုက်ခိုက်မှု တစ်စုံတစ်ရာမရှိကြောင်း၊ အကြမ်းဖက် သမားများက အဆိုပါမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ကျေးရွာများကို လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးပြီး သာသနိက အဆောက်အအုံများ၊ လူနေအိမ်များ ပျက်စီးဆုံးရှုံးရခြင်းများ ရှိခဲ့သည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ယုတ်မာရက်စက်သည့် လုပ်ရပ်များကို ဖုံးကွယ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများကို အသုံးပြု၍ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။


သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခဲ့သည့် MDY PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ အများပြည်သူပိုင်ပစ္စည်းများအား ဓားပြတိုက်လုယက်ခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် တရားခံများအား လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေအနေ




၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် အိမ်အမှတ်(၈၀) နေ ရာအိမ်မှူး ဦးဝင်းဦးသည် နေအိမ်အနီးရှိ "အောင်ကျော်စိုး" ကွမ်းယာဆိုင်ရှေ့၌ ထိုင်နေစဉ် (စီစစ်ဆဲ)ကျား နှစ်ဦးမှ ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုဖြင့် နှစ်ချက်ပစ်ခတ်ထွက်ပြေးသွားခဲ့သောကြောင့် ရာအိမ်မှူး ဦးဝင်းဦးသည် လည်ပင်း ကျည်ဖောက်ဝင်ဒဏ်ရာဖြင့် သေဆုံးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ ပူးပေါင်းပါဝင် သတင်းပေးမှုများကြောင့် ဖေဖော်ဝါရီ ၂ ရက်နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၈ x ၄၉ လမ်းကြားတွင် တရားခံ နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး (၃၈)နှစ်နှင့် မင်းခန့် (ခ)ဂူးဂူး(၂၀)နှစ်တို့ နှစ်ဦးအား နေအိမ်အတွင်းမှ ၉ မမကျည် တစ်တောင့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အဆိုပါနေ့ နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် ၁၁၃ လမ်း၊ ၄၇ x ၄၈ လမ်းကြား နေ ဆက်စပ်တရားခံဖြစ်သူ အောင်အောင် (ခ)အောင်လေး (၃၆)နှစ်အား လက်လုပ်ပစ္စတိုလေးလက်၊ ၉ မမကျည် ၁၇ တောင့်၊ MG1 ပလတ်စတစ်လက်ပစ်ဗုံး ၁၁ လုံး၊ 91 လက်ပစ်ဗုံး တစ်လုံး၊ တရုတ်လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် စဉ့်ကိုင်မြို့နယ် ဆယ့်နှစ်ကိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေး ဂိတ်တွင် ဆက်စပ်တရားခံ ဇော်ဇော်ထွန်း(ခ)ဇော်သက်(ခ)ဖက်တီး(၂၈)နှစ် မြန်နန္ဒာရပ်ကွက် ပလိပ်မြို့နေသူအားလည်းကောင်း၊ တရားခံ ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီး၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် ထွန်းထွန်းမြင့် (၅၀)နှစ် ကျွဲနဖားကျေးရွာ စဉ့်ကိုင်မြို့နယ်နေသူအား လည်းကောင်း၊ ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းတွင် တရားခံ သူရိန်ထွန်း(၂၆)နှစ် အကွက်အမှတ်(၅၀၁) ကျွန်းလုံးဥသျှောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူအားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်ခဲ့သည့် တရားခံ ကျားခြောက်ဦးတို့အား လက်လုပ်ပစ္စတိုသေနတ် လေးလက်၊ ၉ မမ ကျည် ၁၈ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် MDY PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန် ကျန် တရားခံမင်းသန့်ကျော်(ခ)ဝင်းထွန်း (ခ)ဖောင်းဒိုင်းနှင့် ရင်းနှီးခဲ့ကာ မင်းသန့်ကျော်(ခ) ဝင်းထွန်း(ခ) ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်လုပ်ပစ္စတိုသေနတ်လေးလက်၊ ၉ မမ ကျည် ၃၁ တောင့်၊ လက်ပစ်ဗုံး ၁၅ လုံးတို့အား ယူဆောင်ခဲ့ပြီး အောင်အောင်(ခ)အောင်လေး၏ နေအိမ်တွင် သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင်မင်းသန့်ကျော် (ခ)ဝင်းထွန်း (ခ)ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့တို့အတွင်း အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်မှု ကိုးကြိမ်နှင့် ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် မေ ၂၇ ရက်တွင် စဉ့်ကိုင်မြို့နယ် ဥယျာဉ်ကြီးကျေးရွာအဝင်ရှိ တံတားပေါ်၌ အပြစ်မဲ့ပြည်သူ ဦးအောင်ဝင်းအား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(ခ) ဇွန် ၂၉ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မှော်တောင်ရပ်ကွက်ရှိ ရာအိမ်မှူး ဦးဖိုးကျော်အား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုး၊ အောင်အောင်(ခ) အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး သူရိန်ထွန်းမှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဂ) ဇူလိုင် ၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ "ငွေစန္ဒာ" လက်ဖက်ရည်ဆိုင်၌ ရာအိမ်မှူး ဦးတင်လင်းအား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာတွင် သူရိန်ထွန်းက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဃ) ဇူလိုင် ၁၄ ရက်တွင် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် စစ်ကိုင်း-မန္တလေး ကားလမ်းဗားကရာကွေ့၌ အမရပူရမြို့နယ် သာလေစုကျေးရွာ ရာအိမ်မှူး ဦးကျော်စိန်အား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေးတို့ နှစ်ဦးက ပစ္စတို သေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက် (ခ)ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(င) အောက်တိုဘာ ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက် ၁၂၅ လမ်းနှင့် ၆၂ လမ်းထောင့်၌ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်နေသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား နန်းဝင်းစိုး (ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ)အောင်လေးတို့ နှစ်ဦးက ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း (ခ)ဇော်သက် (ခ)ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(စ) ဒီဇင်ဘာ ၆ ရက်တွင် အမရပူရမြို့နယ် အောင်မင်္ဂလာရပ် မြစ်ငယ်ရပ်ကွက် ရာအိမ်မှူး ဦးဇော်သူရထွန်းအား နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ပြီး ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ) ဖက်တီးက အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

(ဆ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြစ်ငယ်မြို့ ရန်ကင်းရပ် စစ်ကိုင်း-မြစ်ငယ်သွားကားလမ်းဘေး ရပ်ကွက်ရုံးအနီး၌ ရန်ကင်းရပ်ကွက် ရစဖမှူး ဦးစောနေထွန်းအား ဒလန်ဟုစွပ်စွဲ၍ နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ)အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

စာမျက်နှာ ၁၈ သို့ ❍



ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်တွင် တရားခံနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၉-၆-၂၀၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် သံလျှက်မှော်တောင်ရပ်ကွက်တွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် ရာအိမ်မှူး ဦးဖိုးကျော်(၄၃)နှစ်၏မှတ်တမ်းဓာတ်ပုံ။



၁၅-၁-၂၀၂၅ ရက်တွင် စဉ့်ကိုင်မြို့နယ် ကျွဲနဖား (တောင်)ကျေးရွာနှင့် မီးသွေးဖုတ်ကျေးရွာချင်း ဆက်လမ်းတွင် အကြမ်းဖက်သူများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ ဦးထွန်းနိုင်ဦး (၅၂)နှစ်၏ မှတ်တမ်းဓာတ်ပုံ။

# PDF အမည်ခံအကြမ်းဖက်သမားများက ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ







ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့လာရောက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ လာရောက် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက် သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပကာရီ ကျေးရွာ၏ အရှေ့တောင်ဘက်မှ အကြောင်းမဲ့ လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအနီးသို့ ကျရောက် ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီးနှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။ အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက် သမားများ၏ ယခုကဲ့သို့ မြို့/ ရွာ၊ လူနေရပ်ကွက်များ အတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ဒေသခံပြည်သူ သေဆုံးမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ် ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သော လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ထားဝယ်မြို့နယ် ပကာရီကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ ပစ်ခတ်မှုကြောင့် ကျရောက်ပေါက်ကွဲခဲ့သည့်နေရာပြပုံ။

# ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပနေချိန်၌ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များဖြင့် ရက်စက်ယုတ်မာစွာပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အသက်ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

အကြမ်းဖက်မှုကို လိုလားသူ လက်နက်ကိုင် သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက် အဖွဲ့များက စစ်ရေးပစ်မှတ် မဟုတ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေချိန်၌ကျေးရွာ၏အရှေ့မြောက်ဘက်မှ Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်မှုကြောင့် ကျောင်းအတွင်းရှိ ဓမ္မာရုံပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက် ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ သေဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသူများအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပြီး ထိုသို့ အသက်ငယ်ရွယ်သော ကလေးသူငယ်များပါမချန် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိအောင် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများ၏ရက်စက်ယုတ်မာသော လုပ်ရပ်များအား ဒေသခံပြည်သူများ အနေဖြင့် လက်မခံနိုင်ဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ရွှေဘိုမြို့နယ် ပန်းရုံကျေးရွာတွင် ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပနေချိန်၌ PDF အမည်ခံ အကြမ်းဖက် သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။



PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်နှစ်စင်းဖြင့် Drop Bomb ချတိုက်ခိုက်ခဲ့မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများ မှတ်တမ်းဓာတ်ပုံ။



○ စာမျက်နှာ ၁၇ မှ

(ဓ) ဇန်နဝါရီ ၁၅ ရက်တွင် စဉ့်ကိုင်မြို့ ကျွဲနဖား(တောင်) ကျေးရွာနေ အပြစ်မဲ့ပြည်သူ ထွန်းနိုင်ဦးအား ဒလန်ဟုစွပ်စွဲပြီး ထွန်းထွန်းမြင့်က ငွေကျပ် ၅၀၀၀၀ ပေး၍ လုပ်ကြံသတ်ဖြတ်ရန် စေခိုင်းခဲ့သဖြင့် နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေးတို့က ပစ္စတိုသေနတ်ဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း။

(န) ဇန်နဝါရီ ၂၆ ရက်တွင် ချမ်းမြသာစည် မြို့နယ် အောင်သာယာရပ်ကွက် ရာအိမ်မှူး ဦးဝင်းဦးအား ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံ သတ်ဖြတ်ခဲ့ရာတွင် နန်းဝင်းစိုး (ခ)နိုင်ဝင်းစိုးနှင့် အောင်အောင် (ခ) အောင်လေး တို့ ပစ္စတိုသေနတ်ဖြင့် လုပ်ကြံ သတ်ဖြတ်ခဲ့ကြောင်း။

ထို့ပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ MDY PDF အကြမ်းဖက်အဖွဲ့ဝင်မင်းသန့်ကျော် (ခ) ဝင်းထွန်း(ခ) ဖောင်းဒိုင်း၏ စေခိုင်းမှုဖြင့် မန္တလေးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း-

(က) ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂) ရပ်ကွက် ၆၂ လမ်း ၃၇(အေ)လမ်းထောင့်ရှိ Mytel ရုံးအား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင် ဇော်ဇော်ထွန်း (ခ) ဇော်သက် (ခ) ဖက်တီးက အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

(ခ) ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် အမရပူရမြို့နယ် ဆောက်တောဝကျေးရွာ ထုံးဘို-ပြင်ဦးလွင်လမ်း စစ်ဆေးရေးဂိတ်အား နန်းဝင်းစိုး(ခ)နိုင်ဝင်းစိုးနှင့် အောင်အောင်(ခ)အောင်လေးတို့ နှစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲရာတွင်ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီးက အခြေအနေ ကြည့်ရှုပေးခဲ့ပြီး အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်တရားခံ မင်းသန့်ကျော် (ခ) ဝင်းထွန်း(ခ)ဖောင်းဒိုင်းက လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် Kpay မှတစ်ဆင့် လုပ်ကြံသတ်ဖြတ်မှုနှင့် အကြမ်းဖက်မှုတစ်ကြိမ်လျှင် ငွေ ၁၀ သိန်းကျပ် ထောက်ပံ့ပေးခဲ့ကြောင်း၊ ရရှိသောငွေကြေးများအား နန်းဝင်းစိုး(ခ) နိုင်ဝင်းစိုး၊ အောင်အောင်(ခ) အောင်လေး နှင့် ဇော်ဇော်ထွန်း(ခ) ဇော်သက်(ခ)ဖက်တီးတို့က တစ်ဦးလျှင် သုံးသိန်းကျပ်၊ အခြေအနေ ကြည့်ရှုပေးသူများအား တစ်သိန်းကျပ်ဖြင့် ပြန်လည်ခွဲဝေပေးကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများအတိုင်း ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက်ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံးအသိပညာ၊အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ အားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် ဟူ၍ ရှိ...

❖ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်...

❖ ထို့ကြောင့်ပညာအသက်သည်ဘဝတစ်သက်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် တပ်မတော်နည်းပညာတက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ဘောအရာရှိများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင် ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန် ဆက်စပ်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကျိုင်သည် မန္တလေးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအနေဖြင့် ပန်းခင်းစီမံချက်အဆင့်(၁)တွင် လျာထားချက်ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီး ပန်းခင်းစီမံချက်အဆင့်(၂)နှင့် (၃)တို့တွင် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ရန်ကျန်ရှိမှုနှင့် ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ လျာထားဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း တစ်သောင်းကျော်ထုတ်ပေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ဒေသအချို့၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိနေကြပြီး ယင်းတို့၏စာရင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင် ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန် ဆက်စပ်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းခင်းစီမံချက်အဆင့်(၃)လျာထားသတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများ စာရင်းကောက်ယူပြုစုဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန အဆောက်အအုံ၌ ကချင်ပြည်နယ် ဗန်းမော်ဒေသမှ ယာယီရွှေ့ပြောင်းရောက်ရှိလာကြသည့် ခရိုင်နှင့် မြို့နယ်အချို့မှ ဝန်ထမ်းများကို သွားရောက်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး အဆိုပါအဆောက်အအုံအတွင်း ယာယီရုံးခွဲများဖွင့်လှစ်ထားရှိမှုနှင့် ဝန်ထမ်းများနေထိုင်နိုင်ရေး၊ ရေ၊ မီး ရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတဆင့် ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက်ရှိ ဝါခင်းကုန်းဓမ္မာရုံ၌ ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ပြားရရှိသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic)နှင့် ဇီဝဆိုင်ရာ အချက်အလက်

စာမျက်နှာ ၁၀ သို့ ❖

## ချန်ပီယံလိဂ် ၁၆ အသင်းအဆင့်သို့ ဘိုင်ယန်မြူးနစ်အသင်း တက်လှမ်း



ချန်ပီယံလိဂ် ၁၆ သင်း အဆင့် ဝင်ခွင့်ရရှိရေးအတွက် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ Play-offs ဒုတိယအကျော့ပွဲစဉ်တွေထဲမှာ ဘိုင်ယန်မြူးနစ်အသင်းက ပြိုင်ဘက် ဆဲလ်တစ်အသင်းအား နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင် ရရှိပြီး ၁၆သင်း အဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်း အနေနဲ့ ဆဲလ်တစ်အသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၇ ရာသီမြောက်တွင်လည်း ၁၆ သင်းအဆင့်သို့ ထပ်မံ တက်လှမ်းနိုင်သည့် အခွင့်အရေးရရှိခဲ့သည်။

ထို့အပြင် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ဆဲလ်တစ်အသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်တိုင်း ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် လာမည့်ပွဲစဉ်တိုင်းတွင်လည်း နိုင်ပွဲများရရှိအောင်ဆက်လက်ကစားပြီး ယခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်ချန်ပီယံဆုအား ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရမည်ဖြစ်သည်။ (NGB)